**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၁)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်**

**( ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၄.၃၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ၆ - ၃ - ၂၀၁၉ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်မ ဒေါ်သီရိရတနာ က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာနှီးနှောပွဲတက်ရောက်ရန်။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကမ္ဘာ့ရေနေ့အခမ်းအနား တက်ရောက်ရန်။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကမ္ဘာ့ရေနေ့အခမ်းအနား တက်ရောက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကမ္ဘာ့ရေနေ့အခမ်းအနား တက်ရောက်ရန်။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကမ္ဘာ့ရေနေ့အခမ်းအနား တက်ရောက်ရန်။ ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကမ္ဘာ့ရေနေ့အခမ်းအနား တက်ရောက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၉)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၆)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၃၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## မြန်မာ့စပါးများကို နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ပြည်ပသို့ တရားမဝင် တင်ပို့နေကြခြင်းများအား ထိရောက်စွာတားဆီးထိန်းချုပ်နိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး က မြန်မာ့စပါးများကို နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ပြည်ပသို့ တရားမဝင် တင်ပို့နေကြခြင်းများအား ထိရောက်စွာ တားဆီးထိန်းချုပ်နိုင်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးထွန်းထွန်းဦး ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော်မှ မြန်မာ့ စပါးများကို ပြည်ပသို့ တရားမဝင် တင်ပို့နေတဲ့ကိစ္စနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆန်စပါးကို ပြည်တွင်းမှာ လွတ်လပ်စွာ သယ်ယူရောင်းချခွင့် ပြုပါတယ်။ စပါးကိုတော့ ကြိတ်ခွဲပြီး ဆန်ကို ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ပြုပါတယ်။ ကုန်ကြမ်းဖြစ်တဲ့ စပါးကိုတော့ ပြည်ပသို့ တရားဝင် တိုက်ရိုက်တင်ပို့ခွင့်ကို ပိတ်ပင်ထားပါတယ်။ သို့သော်လည်း ယခုအခါမှာ စပါးများကို နယ်စပ်လမ်းကြောင်းများမှနေ၍ နည်းအမျိုးမျိုးနဲ့ ပြည်ပသို့ တရားမဝင် တင်ပို့နေကြပါတယ်။ အထူး သဖြင့် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေတဲ့ တရုတ်နိုင်ငံကို အများအပြား တင်ပို့ နေကြပါတယ်။ မန္တလေးကနေ ဗန်းမော်ကို ရေလမ်းနှင့်သယ်ယူပြီး နယ်စပ်လွယ်ဂျယ်ဒေသ တရားမဝင် ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံထဲကို တင်ပို့နေသလို၊ မန္တလေးကနေ မူဆယ်ကို ကုန်တင် ကားများနှင့်သယ်ယူပြီး ရွှေလီမြစ်ပေါ်မှတစ်ဖန် ကုန်တင်ရေယာဉ်များနှင့် တရုတ်နိုင်ငံထဲကို တရားမဝင် တင်ပို့နေကြပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စပါးကို အဲဒီလို ပမာဏများပြားစွာ တင်ပို့နိုင်ဖို့အတွက် အချို့သောလုပ်ငန်းရှင်ကြီးများဟာ စပါးဝယ်ကိုယ်စားလှယ်များဖြင့် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးအထိဆင်းကာ နည်းလမ်းမျိုးစုံနဲ့ တိုက်ရိုက်ဝယ်ယူနေကြပါတယ်။ ပြည်တွင်းရှိ ဆန်စက် လုပ်ငန်းရှင်များအနေနဲ့ စပါးကြိတ်ခွဲရန်အတွက် စပါးဝယ်ယူရာမှာ အခက်အခဲဖြစ်ပြီးတော့ လုပ်ငန်း ပါးတာတွေ၊ အချို့ဆို ရပ်ဆိုင်းရတာတွေအထိ ရှိလာပါတယ်။ ဆန်စက်လုပ်သားများမှာလည်း အလုပ် လက်မဲ့ဖြစ်လာပါတယ်။ စပါးကို ဆန်အဖြစ် ကြိတ်ခွဲလို့ရရှိလာမယ့် ဖွဲနု၊ ဆန်ကွဲ၊ စပါးခွံတွေလည်း ရှားပါးလာတော့ တိရစ္ဆာန်မွေးမြူရေးအစာ၊ စွမ်းအင်လောင်စာ၊ မုန့်ထုတ်လုပ်မှု ကုန်ကြမ်းများလည်း ရှားပါးဈေးကြီးသွားတဲ့အတွက် တိုင်းပြည်ရဲ့ကုန်ထုတ်လုပ်မှုကိုလည်း များစွာထိခိုက်စေပါတယ်။ ၂၀၁၇ ခုနှစ်က မြန်မာ့ဆန်ကို ပြည်ပသို့ မက်ထရစ်တန်ချိန်(၃.၅)သန်းကျော် တင်ပို့နိုင်ခဲ့ပေမယ့် စာရင်းများအရ ၂၀၁၈ ခုနှစ်မှာတော့ အောက်တိုဘာလအထိ ဆန်တန်ချိန်(၁)သန်းခန့်သာ ပြည်ပသို့ တင်ပို့နိုင်သေးကြောင်း သိရှိရပါတယ်။ အဲဒီလို မြန်မာ့ဆန်ကို ပြည်ပသို့ တရားဝင် တင်ပို့နိုင်မှုပမာဏ လျော့နည်းသွားတဲ့အတွက် နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့အခွန်ဘဏ္ဍာများလည်း များစွာ ဆုံးရှုံး နစ်နာလှပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်ကို ပြည်ပသို့ အလုံးလိုက် တင်ပို့တာထက် value added လို့ခေါ်တဲ့ တန်ဖိုးမြင့် သစ်အချောထည်အဖြစ်တင်ပို့တာက ဈေးပိုရ၊ အခွန်ပိုရသလို ပြည်တွင်းအလုပ်အကိုင် ပေါ်များလာမှာဖြစ်သလို မြန်မာ့စပါးကိုလည်း တန်ဖိုးမြင့်ဆန်အဖြစ်သာ တင်ပို့တာက ဈေးနှုန်းပိုရ၊ အခွန်ပိုရ၊ ဘေးထွက်ပစ္စည်းပိုရသလို ပြည်တွင်းအလုပ်အကိုင် ပေါ်များလာ မယ့်အပြင် နောင်မှာ စပါးကြိတ်ခွဲသန့်စင်ထုပ်ပိုးတဲ့ နည်းပညာများလည်း မြင့်မားအကျိုးရှိလာမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလို သည်မှာ ယခုအခါတွင် မြန်မာ့စပါးများကို နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့်

တရားမဝင် တင်ပို့နေကြခြင်းများအား ထိရောက်စွာ တားဆီးထိန်းချုပ်ရန် မည်ကဲ့သို့ စီမံဆောင်ရွက် မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးအောင်ထူး (ဒုတိယဝန်ကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် တက်ရောက်လာသော ပြည်ထောင်စုအဆင့်ဝင်များကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ၏ မြန်မာ့စပါးများကို နယ်စပ်လမ်းကြောင်းမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ပြည်ပသို့ တရားမဝင် တင်ပို့နေခြင်းများအား ထိရောက်စွာ တားဆီးထိန်းချုပ်ရန် မည်ကဲ့သို့ စီမံဆောင်ရွက်သည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များရဲ့ ဖြေကြားချက်များနှင့် ပေါင်းစပ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆန်စပါးဟာ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသော သီးနှံဖြစ်ပြီး မြန်မာနိုင်ငံလူဦးရေ စုစုပေါင်းရဲ့ (၇၀)ရာခိုင်နှုန်းဟာ ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်လျက်ရှိကြပါတယ်။ မြန်မာလူမျိုးများဟာ ဆန်ကို အဓိကစားသုံးပြီး ဆန်စပါးဟာ မြန်မာနိုင်ငံရဲ့ မရှိမဖြစ်လိုအပ်တဲ့ အဓိကစားနပ်ရိက္ခာဖြစ်ပါတယ်။ ပြည်တွင်းစားသုံးမှုထက်ပိုလျှံသောဆန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံဟာ ကမ္ဘာ့အဓိက ဆန်တင်ပို့တဲ့နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ စုစုပေါင်း လယ်ယာစိုက်ပျိုးထုတ်လုပ်မှုရဲ့ (၉၅)ရာခိုင်နှုန်းဟာ စပါးထုတ်လုပ်မှုဖြစ်ပြီး ဆန်ထုတ်လုပ်မှုရဲ့ (၇၅)ရာခိုင်နှုန်းကျော်ကို ပြည်တွင်း၌စားသုံးကာ ပိုလျှံတဲ့ပမာဏကို ပြည်ပသို့တင်ပို့လျက်ရှိပါတယ်။ မြန်မာနိုင်ငံ ဆန်စပါးထုတ်လုပ်မှုနဲ့ ပတ်သက်လို့ ၂၀၁၇ - ၂၀၁၈ ခုနှစ်မှာ မိုးစပါးနှင့် နွေးစပါးစိုက်ဧက (၁၈)သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး စပါးအထွက် တန်ချိန်(၂၇)သန်းကျော် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ပြည်တွင်းစားသုံးမှု၊ မျိုး၊ အလေအလွင့်များအပါအဝင် စပါးသုံးစွဲမှုများအတွက် လိုအပ်ချက်မှာ တန်ချိန်(၁၄)သန်းကျော် ဖြစ်ပါတယ်။ ပိုလျှံတဲ့စပါးတန်ချိန် (၁၃)သန်းကျော်ရှိတာကို တွေ့ရပါတယ်။

မြန်မာနိုင်ငံ ဆန်စပါးထုတ်လုပ်မှုဟာ အဆင့်မြင့်ဆန်စက်များ တည်ထောင်၍ စပါးကို ဆန်အဖြစ် ကြိတ်ခွဲထုတ်လုပ်တင်ပို့နိုင်ရေးကို အားပေးကူညီဆောင်ရွက်ပေးလျက်ရှိပြီး စပါးကြိတ်ခွဲခြင်းမှ ထွက်လာတဲ့ ဘေးထွက်ပစ္စည်းများဖြစ်တဲ့ ဖွဲ၊ ဆန်ကွဲတို့ကို ပြည်တွင်းမွေးမြူရေးကဏ္ဍတွင် လိုအပ်သော တိရစ္ဆာန်အစားအစာများ ရရှိစေနိုင်တဲ့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့

ပြည်တွင်းထုတ်လုပ်တဲ့စပါးကို စပါးအတိုင်း တင်ပို့ခွင့်မပြုဘဲ စားသုံးမှုမှပိုလျှံသော ဆန်အဖြစ်သာ ပြည်ပကို တင်ပို့ခွင့်ပြုလျက်ရှိပါတယ်။ သို့သော်လည်း စပါးကို အိမ်နီးချင်းနိုင်ငံများမှ ဝယ်အားကြောင့် တရားမဝင်လမ်းကြောင်းမှ တင်ပို့လျက်ရှိကြောင်းသိရတဲ့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ စပါး တရားမဝင်တင်ပို့တဲ့ လမ်းကြောင်းများကို စုံစမ်းဖော်ထုတ် ဆောင်ရွက်လျက် ရှိပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဆက်စပ်ဝန်ကြီးဌာနများရဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွဲ့စည်းထားတဲ့ မန္တလေး - မူဆယ် ကုန်သွယ်မှုလမ်းကြောင်းရှိ ရေပူအမြဲတမ်းကုန်စစ်ဆေးရေးစခန်းနှင့် ရန်ကုန် - မြဝတီကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် မရမ်းချောင် အမြဲတမ်းကုန်စစ်ဆေးရေးစခန်းတို့မှာ တားဆီးထိန်းချုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ တရားမဝင် စပါးသယ်ယူခြင်းများ ဖမ်းဆီးရမှု အနေနဲ့ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အထိ မန္တလေး - မူဆယ် လမ်းကြောင်း ပေါ်ရှိ (၁၆)မိုင်စစ်ဆေးရေးစခန်းမှ ဖမ်းဆီးမှု(၁၄)ကြိမ်၊ စုစုပေါင်းစပါးတန်ချိန် (၁၆၄.၀၅)တန်၊ ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းမှာ ဖမ်းဆီးမှု(၁၀)ကြိမ်၊ စပါးတန်ချိန် (၆၁.၂၉၅)တန်အား တားဆီးဆောင်ရွက် ခဲ့ပါတယ်။

နယ်စပ်ဒေသများမှ စပါးများ တရားမဝင် စီးထွက်ရှိမှု မရှိစေရေးအတွက် နယ်စပ်ဒေသ များတွင် ဖွင့်လှစ်ထားရှိတဲ့ ကုန်သွယ်ရေးဇုန်များနှင့် ကုန်သွယ်ရေးစခန်းများမှ စနစ်တကျ ကြပ်မတ် စစ်ဆေးလျက်ရှိတဲ့အပြင် ကုန်သွယ်ရေးဇုန်၊ ကုန်သွယ်ရေးစခန်းများအား ရှောင်ကွင်းလမ်းများမှ တရားမဝင်ကုန်သွယ်မှု ဆောင်ရွက်နေသည့် သတင်းများရရှိပါကလည်း လိုအပ်သလို ကြပ်မတ်ဆောင်ရွက် နိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ ပြည်နယ် တရားမဝင်ကုန်သွယ်မှုများ တားဆီးအရေးယူနိုင်ရေး အထူးအဖွဲ့များကို အသိပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း စစ်ဆေးရေးစခန်းများကို ရှောင်ကွင်းနိုင်တဲ့ တရားမဝင် ရှောင်ကွင်းလမ်းများ၊ တရားမဝင် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များရှိနေပြီး နယ်မြေ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှု အားနည်းတဲ့အခြေအနေများကြောင့် စပါးမှောင်ခို တင်ပို့မှုများကို အပြည့်အဝ ထိရောက်စွာ ပိတ်ဆို့နိုင်ရန် အခက်အခဲရှိပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်သွယ်မှုလမ်းကြောင်းရှိ စစ်ဆေးရေးစခန်းများတွင် တရားမဝင် စပါးသယ်ဆောင်မှုများအား တားဆီးရာမှာ မြန်မာနိုင်ငံအတွင်း စပါးကို လွတ်လပ်စွာ သယ်ယူခွင့်ပြုထားတဲ့အတွက် ပြည်ပသို့ တရားမဝင် စပါးတင်ပို့ရောင်းချသူ များသာ ပြည်တွင်း၌သာ သယ်ဆောင်သယောင် အသွင်ယူ၍ တရားမဝင်တင်ပို့မှုများကို ဆောင်ရွက် လျက်ရှိကြောင်း တွေ့ရပါတယ်။ သို့ဖြစ်၍ စစ်ဆေးရေးစခန်းများတွင် စပါးများ ဖြတ်သန်းပို့ဆောင်မှု ရှိသည်ကို တွေ့ရှိရပါက အကောက်ခွန်ဦးစီးဌာနက တားဆီး၍ သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးပြီး သက်ဆိုင်ရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီများသို့တင်ပြ၍ ဆောင်ရွက်လျက်ရှိပါတယ်။

စစ်ဆေးရေးစခန်းများမှာ ပြည်တွင်း စပါးသယ်ဆောင်မှုဖြစ်ကြောင်း အတည်ပြုနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း တရားမဝင် ကုန်သွယ်မှုများကို

တားဆီးအရေးယူနိုင်ရေးအထူးအဖွဲ့များကို ဖွဲ့စည်း၍ တရားမဝင်ကုန်သွယ်မှုများကို တားဆီးထိန်းချုပ်ဆောင်ရွက်သကဲ့သို့ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ကချင်ပြည်နယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်သီးနှံတင်ပို့သည့် အဓိကလမ်းကြောင်းဖြစ်သည့် ဗန်းမော်၊ မိုးမောက်၊ လွယ်ဂျယ်၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများတွင် စပါးများ တရားမဝင်တင်ပို့မှု မရှိစေရေးအတွက် ဗန်းမော်ခရိုင်အတွင်း မော်တော်ယာဉ်ဂိတ်၊ သဘော်ဆိပ်၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များရှိ အများမြင်သာတဲ့နေရာများမှာ တားမြစ်သည့် ကြော်ငြာချက်ဆိုင်းဘုတ်များ စိုက်ထူထားရှိပါတယ်။

ဗန်းမော်ခရိုင်အတွင်း ပုဂ္ဂလိက မော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီ၊ ဆန်စပါးကုန်သည်အသင်း၊ ရေယာဉ်အသင်းများနဲ့ လွယ်ဂျယ်မြို့တွင် ဖွင့်လှစ်ထားတဲ့ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း လယ်ယာထွက်ပစ္စည်းများ၊ ကုန်စည်ဒိုင်တို့နှင့် စပါးများတင်ပို့ရောင်းချခွင့်မပြုကြောင်းနှင့် သယ်ယူတင်ပို့ရောင်းချပါက အရေးယူခံရမည်ဖြစ်ကြောင်း တားမြစ်သည့်အကြောင်းကြားစာများကို ဖြန့်ဝေ၍ မော်တော်ယာဉ်ဂိတ်၊ သဘော်ဆိပ်၊ ပူးပေါင်းစစ်ဆေးရေးဂိတ်တို့တွင် စိစစ်ကြပ်မတ် ဆောင်ရွက်လျက်ရှိနေပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ အနောက်ကျေးရွာအုပ်စုအတွင်း၌ တည်ရှိသော ဗောဓိအခြေခံပညာအထက်တန်းကျောင်း၏ အန္တရာယ်ရှိသော နှစ်ထပ်ကျောင်းဆောင်အား လာမည့်ဘဏ္ဍာရေးနှစ်တွင် (၁၅၀ x ၃၀)ပေ RC နှစ်ထပ် ကျောင်းဆောင်သစ်တစ်ဆောင် ဦးစားပေးအဖြစ် သတ်မှတ်ပြီး ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ အနောက်ကျေးရွာအုပ်စုအတွင်း၌ တည်ရှိသော ဗောဓိအခြေခံပညာအထက်တန်းကျောင်း၏ အန္တရာယ်ရှိသော နှစ်ထပ်ကျောင်းဆောင်အား လာမည့်ဘဏ္ဍာရေးနှစ်တွင် (၁၅၀ x ၃၀)ပေ RC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဦးစားပေးအဖြစ်သတ်မှတ်ပြီး ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မေးခွန်းအား Power Point ဖြင့်

တင်ပြခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရမ်းဗြဲမြို့နယ် အတွင်း အနောက်ရွာအုပ်စုမှာရှိတဲ့ ဗောဓိ အ.ထ.က ကျောင်းဟာဆိုလို့ရှိရင် ၁၉၉၁ ခုနှစ်မှာ ဆောက်လုပ်ခဲ့ပြီးတော့ (L)ပုံသဏ္ဌာန်ကျောင်းဆောင်ဖြစ်ပါတယ်။ အခုအချိန်မှာ အင်မတန်ဟောင်းနွမ်းပြီးတော့ ပျက်စီးနေတဲ့အခြေအနေကို တွေ့ရှိခဲ့ရပါတယ်။ ဒီကျောင်းကတော့ ကျောင်းရဲ့မျက်နှာစာ ဖြစ်ပါတယ်။ ကျောင်းရဲ့ Foundation မကောင်းတော့တဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါကျောင်းရဲ့ (L)ပုံသဏ္ဌာန်မှ တခြား နောက်ကျောဘက်တစ်ခြမ်း ဖြစ်ပါတယ်။ ဒီလိုမျိုး အောက်ထပ်မှာရှိတဲ့ Foundation ရော၊ တံခါးပေါက်တွေရော အကုန်လုံးပျက်စီးဟောင်းနွမ်းနေပြီးတော့ သံဖြူတွေနဲ့ ဒီလိုမျိုး ဝါးနဲ့ထောင်ထားရတဲ့အခြေအနေတွေ အတွင်းဘက်ကကြည့်ရင် မြင်နိုင်ပါတယ်။ ဒါကတော့ Foundation နဲ့ အောက်ခံ၊ ကျွန်မတို့ ဓာတ်ပုံရိုက်လို့ရတဲ့နေရာတွေက မကောင်းတော့တဲ့အခြေအနေပါ။ နံရံတွေဟာ ဒီလိုမျိုး အဆင်ပြေသလို ထောက်ထားပြီးတော့မှ အသုံးပြုနေရတဲ့ ကျောင်းနံရံတွေဖြစ်ပါတယ်။

ဒါကတော့ ကျောင်းအရှေ့ဘက်ရဲ့ မျက်နှာစာ လှေကားအဝင်ဖြစ်ပါတယ်။ အပေါ်လှေကား ဆိုလို့ရှိရင် လုံးဝ တက်လို့မရတော့ပါဘူး။ အန္တရာယ်ရှိကျောင်းဆောင်အဖြစ် ပိတ်ထားခြင်းဖြစ်ပါတယ်။ ဒါ ပိတ်ထားတဲ့အခြေအနေပါ။ အပေါ်ထပ်မှာ ကျွန်မတို့ အောက်ထပ်က ဓာတ်ပုံရိုက်လို့ရတဲ့အခြေအနေပါ။ ကြမ်းခင်းတွေဆိုလို့ရှိရင် ရှိတောင်မရှိတော့ပါဘူး။ ဆွေးမြည့်တာထက် ပိုပြီးတော့ ပျက်စီးနေတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါအပေါ်မှာရှိတဲ့ ကြမ်းခင်းတွေအနေအထား ဖြစ်ပါတယ်။ ဒီလိုမျိုး အန္တရာယ်ရှိတဲ့ကျောင်းဆောင်မှာနေပြီးတော့ မူလတန်းကျောင်းသားလေးတွေကို စာသင်ပေးနေရတဲ့ အခြေအနေ ဖြစ်ပါတယ်။ (၁၀)တန်းမှာ ဆိုလို့ရှိရင်လည်း အမှန်တကယ်လိုအပ်တဲ့ စာသင်ခန်း(၇)ခန်း ရှိပါတယ်လို့ ဆရာကြီးက ပြောပါတယ်။ ဒါပေမဲ့ တကယ်တမ်းရှိတာကတော့ (၄)ခန်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအထက်တန်းကျောင်းသားများက စာကြည့်တိုက်မှာ စာသင်ရတယ်။ စာသင်တဲ့အခါမှာလည်း ကျောင်းသားဦးရေ(၂၀၀)ကျော်တောင်ရှိပါတယ်။ သူတို့သင်နေရတဲ့အခြေအနေက အင်မတန် အဆင်မပြေတဲ့အခြေအနေကို တွေ့မြင်ခဲ့ရပါတယ်။ ဒီအခြေအနေကတော့ မူလတန်းကျောင်းသူလေးများဟာ အန္တရာယ်ရှိတယ်ဆိုတဲ့ ကျောင်းမှာပဲ ကျောင်းဆောင် မရှိတဲ့အတွက်ကြောင့်မို့လို့ ပညာသင်နေရတဲ့ အနေအထားဖြစ်ပါတယ်။

ဒီအန္တရာယ်ရှိကျောင်းဆောင်မှာ မူလတန်းအခန်း(၃)ခန်း သင်နေတဲ့အခြေအနေပါ။ နှစ်ထပ်ကျောင်းလို့သာပြောတယ်။ အပေါ်ကကြမ်းခင်းတွေ မရှိတဲ့အခါမှာ ဒီလိုပဲ ကြမ်းခင်းတွေကို ခွာပြီးတော့ ကျောင်းအုပ်ဆရာကြီးနဲ့ ဆရာမများက အဆင်ပြေသလို စီမံခန့်ခွဲထားရတဲ့ အနေအထားရှိနေပါတယ်။ ဒါ ကျောင်းသားလေးတွေ ပညာသင်ပြီးတော့ ဟိုဘက်က အန္တရာယ်ရှိကျောင်းဆောင်မှာ တစ်စုံတစ်ရာ မတော်တဆ ကျမှာစိုးတဲ့အတွက်ကြောင့်မို့လို့ ပလတ်စတစ်တွေနဲ့ အမိုးတွေကို ပြင်ဆင်ထားရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါဟာ အန္တရာယ်ရှိကျောင်းဆောင်အခြေအနေ အပေါ်ထပ်ဆို လုံးဝမရှိတော့တဲ့ အခြေအနေဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရမ်းဗြဲမြို့နယ်၊ အနောက်ရွာကျေးရွာမှာရှိတဲ့ အ.ထ.က ဗောဓိကျောင်းဟာဆိုလို့ရှိရင် ရခိုင်တစ်ပြည်နယ်လုံး ဝိဇ္ဇာတွဲ ပထမရရှိတဲ့ ထူးချွန်ကျောင်းသားများ မွေးထုတ်ပေးတဲ့ကျောင်း ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ပညာသင်ခဲ့ကြပေမယ့် အခု ဒီ(၁၀)တန်းအတွက် Centre ရရှိထားပြီးတော့ ကျောင်းသားများနဲ့ ဆရာ၊

ဆရာမများအပါအဝင် အကုန်လုံးက ပညာရေးအတွက် တက်ကြွတဲ့အုပ်စုထဲက ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။ ဆရာကြီးဟာဆိုလို့ရှိရင် ဒီအခြေအနေကို တင်ပြဖို့အတွက် ကျွန်မနဲ့လည်း အစည်းအဝေး တွေဆောင်ရွက်ခဲ့ပါတယ်။ အထူးသဖြင့် ပြည်သူများနဲ့ ကျွန်မတို့ တွေ့ဆုံတဲ့အခါမှာလည်း သူတို့ သားသမီးများ အန္တရာယ်ရှိကျောင်းဆောင်မှာ ပညာသင်ကြားရတဲ့အတွက်ကြောင့်မို့လို့ စိုးရိမ်မကင်း ဖြစ်မိကြောင်း လွှတ်တော်ကိုယ်စားလှယ်များနဲ့ တိုင်ပင်နှီးနှောပြီးတော့မှ ဒီအန္တရာယ်ရှိကျောင်းဆောင်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနက ကူညီဖြေရှင်းပေးဖို့အတွက် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


၁၉၉၁ ခုနှစ်က ဆောက်လုပ်ခဲ့ပြီး (L)ပုံသဏ္ဌာန်ရှိ အလွန်ဟောင်းနွမ်း ပျက်စီးလျက်ရှိသည့် အန္တရာယ်ရှိ ပင်မကျောင်းဆောင် မြင်ကွင်းပုံ (ဃဃ)



ကျောင်းဆောင် နောက်ကျောဘက် မြင်ကွင်းပုံ (ဃဃ-၁)



ပညာသင်ကြားပေးသော ဆရာနှင့် ကျောင်းသားကလေးများ မြင်ကွင်းပုံ (ဃဃ-၂)



**၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် အခြေခံပညာအထက်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်ပညာသင်ကြားခွင့် ရွေးချယ်ရာတွင် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့၏ ရွေးချယ်မှုနှင့် သီးခြား တိုက်ရိုက်လျှောက်ထားခွင့်ပြုသော တက္ကသိုလ်(၁၁)ခု စီမှ သီးခြားရွေးချယ်မှုစနစ်(၂)ခုအရ ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုရှိခဲ့ပါသဖြင့် ထိုရွေးချယ်မှု စနစ်ကို ပြန်လည်သုံးသပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် က ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် အခြေခံပညာအထက်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်ပညာသင်ကြားခွင့် ရွေးချယ်ရာတွင် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့၏ ရွေးချယ်မှုနှင့် သီးခြား တိုက်ရိုက်လျှောက်ထားခွင့်ပြုသော တက္ကသိုလ် (၁၁)ခုစီမှ သီးခြားရွေးချယ်မှုစနစ်(၂)ခုအရ ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုရှိခဲ့ပါသဖြင့် ထိုရွေးချယ်မှုစနစ်ကို ပြန်လည်သုံးသပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်မှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်အားလုံးတို့ဟာ တက္ကသိုလ်လမ်းညွှန်စာအုပ်အရ ကျောင်းသား၊ ကျောင်းသူများ၏ ဝါသနာနှင့်အညီ ဦးစားပေးအစီအစဉ်အတိုင်း လျှောက်ထားစေခဲ့ပါတယ်။ တက္ကသိုလ်များ၏ ဝင်ခွင့်ကန့်သတ် ကျောင်းသားဦးရေစာရင်းကိုလည်း တက္ကသိုလ်လမ်းညွှန်တွင် ထည့်သွင်း ထုတ်ပြန်ပေးထားသည်ကို တွေ့ရှိရပါတယ်။ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့မှ အမှတ်၊ လူဦးရေ ကန့်သတ်ချက်၊ လျှောက်ထားသူ၏ ဦးစားပေးမှုတို့အပေါ် မူတည်ရွေးချယ်ကာ တက္ကသိုလ်ဝင်ခွင့်ကို ထုတ်ပြန်ပေးခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသားများအနေဖြင့် မိမိတို့၏ ကြိုးစား

အားထုတ်မှု ရလဒ်အမှတ်ပေါ်မူတည်၍ အဆင့်မြင့်ပညာများကို သင်ယူပြီး လူ့စွမ်းအားအရင်းအမြစ် မှန်ကန်စွာဖြင့် နိုင်ငံ့အကျိုးကို ထမ်းဆောင်နိုင်ခဲ့ကြပါတယ်။

သို့ပါသော်လည်း ၂၀၁၈ ခုနှစ်၊ ပညာသင်နှစ်မှစတင်၍ ကျောင်းသားများကို တက္ကသိုလ် (၁၁)ခုအား သီးခြားလျှောက်ထားခွင့်ပြုပြီး ကျန်ရှိတက္ကသိုလ်များကို အဆင့်မြင့်ပညာဦးစီးဌာနသို့ တစ်ပြိုင်တည်း လျှောက်စေခဲ့ပါတယ်။ သက်ဆိုင်ရာတက္ကသိုလ်များမှာလည်း ၎င်းတို့လျှောက်ထားသော ကျောင်းသား၊ ကျောင်းသူများကို အမှတ်၊ လူဦးရေကန့်သတ်ချက်အရ ရွေးချယ်သကဲ့သို့ တက္ကသိုလ် ဝင်ခွင့် စိစစ်ရေးအဖွဲ့မှလည်း ထိုနည်းတူ ရွေးချယ်ခဲ့ပါတယ်။ ဥပမာ အမှတ်များသော ကျောင်းသား တစ်ဦးအနေဖြင့် တက္ကသိုလ်(၅)ခုအား တစ်ပြိုင်တည်းလျှောက်ခဲ့ပါက တက္ကသိုလ် (၄)ခုနှင့် အဆင့်မြင့် ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်(၁)ခုသို့ ဝင်ခွင့်ရရှိရာ စုစုပေါင်း(၅)နေရာ ဝင်ခွင့်ရရှိခဲ့ပါတယ်။ အဲဒီတော့ အဆိုပါကျောင်းသားသည် တက္ကသိုလ်(၁)ခုသာ တက်ရမည်ဖြစ်ရာ ကျန်သည့် တက္ကသိုလ် ဝင်ခွင့်နေရာ(၄)ခုအတွက် အခြားကျောင်းသားများအတွက် နစ်နာခဲ့ပါတယ်။ ကျောင်းသားဦးရေ (၁၀၀)သည် ကျောင်းသား(၅၀၀)ဦး ဖြစ်သကဲ့သို့ လူဦးရေဖောင်းပွမှုများ ဖြစ်ပေါ်စေခဲ့ပါတယ်။ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့နှင့် သီးခြားတက္ကသိုလ်(၁၁)ခု ရွေးချယ်ရေးအဖွဲ့တို့ ပေါင်းစည်းမှု မရှိသည်ကိုလည်း တွေ့ရှိရပါတယ်။

၂၀၁၇ - ၂၀၁၈ ခုနှစ်၊ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မြန်မာတစ်နိုင်ငံလုံး ဖြေဆိုသူများ၏ (၃၇)ရာခိုင်နှုန်းအောင်မြင်ခဲ့ပြီး ဘာသာစုံဂုဏ်ထူးရှင်(၇၃၂)ဦး ပေါ်ထွန်းခဲ့ကြောင်း သိရှိရပါတယ်။ တက္ကသိုလ်ဝင်ခွင့် ခေါ်ယူမှုစနစ်သစ်အား ရေရာစွာမသိရှိသကဲ့သို့ အစိုးရဖက်မှလည်း အချိန်ယူ၍ သေချာစွာ ရှင်းလင်းပေါင်းစပ်ညှိနှိုင်းမှု အားနည်းခဲ့ခြင်းကြောင့် အချို့သော ကျောင်းသား များသည် ယခင်နှစ် ဝင်ခွင့်ရမှတ်နှင့်ချိန်ညှိပြီး တက္ကသိုလ်တစ်ခုတည်းကိုသာ လျှောက်ထားခဲ့ကြ ပါတယ်။ ဥပမာ ယခင်နှစ်က ဆေးတက္ကသိုလ်ဝင်မှတ် (၅၀၉)မှတ်သာရှိသဖြင့် (၅၁၁)မှတ်ရှိသော ကျောင်းသားများသည် ဆေးတက္ကသိုလ်တစ်ခုတည်းကိုသာ ဦးစားပေး လျှောက်ထားခဲ့ကြပါတယ်။ ယခုနှစ် ဝင်ခွင့်အမှတ်မှာ (၅၁၁)မှတ်ထက်ကျော်လွန်ခဲ့၍ ဆေးတက္ကသိုလ် မဝင်သောကလေးများသည် အောက်တိုဘာလကုန်အထိ မည်သို့လုပ်ရမှန်းမသိဖြစ်ကာ နောက်ဆုံးခေါ်ယူခဲ့သည့် အမျိုးသားစီမံ ခန့်ခွဲမှုပညာ ဒီဂရီကောလိပ်သို့ စုပြုံ၍ လျှောက်ထားခဲ့သည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နဝမတန်း၊ ဒသမတန်းတို့၌ သိပ္ပံပညာရပ်များကို သင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ် စသည့် သိပ္ပံဘာသာတွဲ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားခွင့်မရှိတော့သည့်အတွက် ဝိဇ္ဇာအထူးပြု အမျိုးသား စီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၌ သင်ကြားနေရကြောင်း သိရှိရပါတယ်။ ထိုကဲ့သို့နစ်နာခဲ့သော ကျောင်းသားဦးရေမှာ (၂၀၀)ဦးခန့်ရှိပြီး ၂ - ၁၂ - ၂၀၁၈ ရက်နေ့တွင် မန္တလေးမြို့၌ ကျောင်းသားမိဘ များနှင့် ကျောင်းသားဦးရေ(၂၀၀)ဦးခန့် သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ကျောင်းသတင်းကို လူမှု ကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့လာခဲ့သည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ပေါ်မှာ များစွာ မှီခိုနေပါတယ်။ လူသားအရင်းအမြစ် တိုးတက်ရန်မှာလည်း ယနေ့လူငယ်များ၏ ပညာရေးကဏ္ဍ

အရည်အသွေးပြည့်မီ၍ လူမှန်နေရာမှန်ရရှိရေးတို့အပေါ် များစွာမှီခိုနေကြောင်းကိုလည်း ၄ - ၁၂ - ၂၀၁၈ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှလည်း ပြောကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရေမြစ်ကြီးကျေးရွာအုပ်စု၊ ဒုံးပုလဲအော် အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၁၉ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း က တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရေမြစ်ကြီးကျေးရွာအုပ်စု၊ ဒုံးပုလဲအော် အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၁၉ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ကျွန်းစုမြို့နယ်ဟာ ပင်လယ်ရေများ ဝန်းရံထားပြီးတော့ ကျွန်းစုများဖြင့် ဖွဲ့စည်းထားတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ တစ်နေရာနှင့်တစ်နေရာ သွားလာတဲ့နေရာမှာ ရေလမ်းခရီးဖြင့်သာ သွားလာရတဲ့အတွက်ကြောင့် မိုးရာသီအချိန်တွင် မုန်တိုင်းတိုက်ခတ်မှုရှိပြီးတော့ သဘာဝဘေးအန္တရာယ်ရှိတဲ့အချိန်မှာ သွားလာရေး ခက်ခဲကြပါတယ်။ ကျွန်းစုမြို့နယ်၊ ရေမြစ်ကြီးကျေးရွာအုပ်စုမှာရှိတဲ့ ဒုံးပုလဲအော် အခြေခံပညာ အလယ်တန်းကျောင်းဟာ ကျွန်းစုမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် မြိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းများနဲ့ အနည်းဆုံး ရေမိုင်(၅၀)ကျော် ဝေးကွာပါတယ်။ ဒုံးပုလဲအော် အခြေခံပညာအလယ်တန်းကျောင်းဝန်းကျင်မှာ ဒုံးဇလပ်(အ.မ.က)၊ ဆလုံကုန်း(အ.မ.က)၊ လင်းလွန်(အ.မ.က)၊ ဖရောဝါး(အ.မ.က)၊ ဒုံးဒဟွန်း(အ.မ.က)၊ ဒုံးကမာချောင်း အ.လ.က(ခွဲ)၊ ဒုံးညောင်မှိုင်း(အ.မ.က)စတဲ့ စာသင်ကျောင်းတွေရှိပါတယ်။

လင်းလွန်(အ.မ.က)၊ ဖရောဝါး(အ.မ.က)၊ ဒုံးဇလပ်(အ.မ.က)နှင့် ဆလုံကုန်း(အ.မ.က)တို့ဟာ ယခင်အချိန်က ကျေးရွာတစ်ရွာနှင့်တစ်ရွာ မြေသားလမ်းမပေါက်သေးသော်လည်း ၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်အစိုးရသစ်မှနေပြီးတော့ ကျေးလက်မြေသားလမ်းများ ဖောက်လုပ်ပေး

ခဲ့တဲ့အတွက်ကြောင့် တစ်ရွာနှင့်တစ်ရွာ အလွယ်တကူသွားလာနိုင်ပြီဖြစ်ပါတယ်။ အထက်ဖော်ပြပါ အ.လ.က၊ အ.လ.က(ခွဲ)၊ အ.မ.က၊ အ.မ.က(ခွဲ)စာသင်ကျောင်းများမှ ကျောင်းသူ၊ ကျောင်းသားများဟာ အလယ်တန်းကျောင်းအခြေခံပညာရေးနှင့် အထက်တန်းကျောင်းအခြေခံပညာရေးတို့ကို မြိတ်မြို့ အ.ထ.က ကျောင်းများနှင့် အခြားသော အ.ထ.က ကျောင်းများမှာ ပညာသင်ယူနေကြပါတယ်။ ငွေကြေးတတ်နိုင်တဲ့ ကျောင်းသားမိဘများမှာ မိမိတို့ရဲ့ သားသမီးများကို မြို့ကျောင်းများနှင့် အခြားသော အ.ထ.က များမှာ ပြောင်းရွှေ့သင်ယူနိုင်သော်လည်းပဲ ဆင်းရဲနွမ်းပါးတဲ့ ကျောင်းသားမိဘများမှာ မိမိတို့ရဲ့ သားသမီးများကို ပညာရေးဆက်လက်မထောက်ပံ့နိုင်တော့ဘဲ အလယ်တန်းကျောင်းအဆင့်နှင့် မူလတန်းအဆင့်သာ ပညာသင်ကြားရပြီး ကျောင်းထွက်နေကြရပါတယ်။ ဒုံးပုလဲအော် အ.လ.က ကျောင်းမှာ ၂၀၁၈ ခုနှစ် ပညာသင်နှစ်စာရင်းအရ စုစုပေါင်း ကျောင်းသားဦးရေ (၄၆၁)ဦး ရှိပြီးတော့ အလယ်တန်း ကျောင်းသား(၂၂၄)ဦးရှိပါတယ်။

အကယ်၍ ပညာရေးဝန်ကြီးဌာနမှ ဒုံးပုလဲအော် အခြေခံပညာအလယ်တန်းကျောင်းကို ဒုံးပုလဲအော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ပါက ဒုံးပုလဲအော် အ.လ.က ကျောင်းအနီးပတ်ဝန်းကျင်မှာရှိတဲ့ အ.လ.က(ခွဲ)၊ အ.မ.က၊ အ.မ.က(ခွဲ) စတဲ့ စာသင်ကျောင်း (၇)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူတွေဟာ အလယ်တန်းအဆင့်ပညာရေးနှင့် အထက်တန်းကျောင်းအဆင့်ပညာရေးတို့ကို ဆက်လက်ပညာသင်ယူခွင့်ရကြမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနသို့ မေးမြန်းလိုတာကတော့ ရေမြစ်ကြီးကျေးရွာအုပ်စုများမှ ကျောင်းသား၊ ကျောင်းသူများ အလယ်တန်းအခြေခံပညာရေးနှင့် အထက်တန်းအခြေခံပညာရေးတို့ကို ဆက်လက်သင်ကြားခွင့် ရနိုင်ရေးအတွက် ဒုံးပုလဲအော် အခြေခံပညာအလယ်တန်းကျောင်းမှ ဒုံးပုလဲအော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်သို့ ၂၀၁၉ ခုနှစ်၊ ပညာသင်နှစ်မှာ ပညာရေးဝန်ကြီးဌာနမှ ကျောင်းအဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရေမိုင်(၅၀)ကျော် ဝေးကွာသော မြိတ်မြို့တွင် ပညာသင်ကြားနေရခြင်း ပြပုံ (၄၄)




ယခုအစိုးရသစ်လက်ထက်တွင် တိုင်းရင်းသားကျေးရွာများ ကျေးရွာချင်းဆက် လမ်းပေါက်သွားသည့် အတွက် ဖိုးပုလဲအော် စာသင်ကျောင်းတွင် ကုန်းလမ်းခရီးဖြင့် အလွယ်တကူ သွားလာ၍ ပညာသင်ယူ နိုင်ကြပြီဖြစ်သည့် မြင်ကွင်းပြပုံ (၄၄-၁)



ဒုံးပုလဲအော်ကျေးရွာတွင် ကျောင်းအဆင့်တိုးမြှင့်ပေးရန် လိုအပ်နေသည့် အခြေခံပညာ အလယ်တန်းကျောင်း မြင်ကွင်းပုံ (၄၄-၂)



**ပညာရေးစုံညီပွဲတော်များတွင် ဆုချီးမြှင့်ရန် ထုတ်ပေးသောငွေများကို ကျောင်းထောက်ပံ့ကြေးငွေများ သုံးစွဲရန် အသေးစိတ်ညွှန်ကြားသကဲ့သို့ မည်သည့်ဆုများကို မည်ကဲ့သို့ ရွေးချယ်ပြီးပေးရမည်ဟု ညွှန်ကြားချက် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် က ပညာရေးစုံညီပွဲတော်များတွင် ဆုချီးမြှင့်ရန် ထုတ်ပေးသောငွေများကို ကျောင်းထောက်ပံ့ကြေးငွေများ သုံးစွဲရန် အသေးစိတ်ညွှန်ကြားသကဲ့သို့ မည်သည့်ဆုများကို မည်ကဲ့သို့ ရွေးချယ်ပြီးပေးရမည်ဟု ညွှန်ကြားချက် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီနေ့အမျိုးသားလွှတ်တော်သို့ ဥက္ကဋ္ဌကြီး ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးမြှင့်တင်မှု အစီအစဉ်များအရ အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် စွမ်းဆောင်ချက်များကို ထုတ်ဖော်ဂုဏ်ပြုခြင်းဖြင့် စွမ်းဆောင်မှုအရှိန်အဟုန်မြှင့်တင်ရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအသိပညာ၊ အတတ်ပညာနှင့် ဆက်သွယ်မှုနည်းပညာဆိုင်ရာတိုးတက်မှုများကို ချိတ်ဆက်ပေးရန် ထိုးထွင်းကြံဆမှုနှင့် တီထွင်ဖန်တီးမှု အလေ့အထများ ပြည့်ဝတဲ့ နိုင်ငံ့သားကောင်း၊ သမီးမွန်များနှင့် ပညာရှင်များ ပေါ်ထွန်းလာစေရန်ဆိုတဲ့ ရည်ရွယ်ချက်များနှင့် ပညာရေးစုံညီပွဲတော်များကို နှစ်စဉ်ကျင်းပလာခဲ့တာ ဆယ်စုနှစ်(၂)ဆက်တိုင်ပြည့်ပြီဖြစ်ပါတယ်။ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများရဲ့ ပညာရေးစုံညီပွဲတော်များကို ယခင်နှစ်ပေါင်းများစွာကတည်းက ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများ ကိုယ့်နည်းကိုယ့်ဟန်နှင့် ကျင်းပခဲ့ကြတာဖြစ်ပါတယ်။

ယခုအခါမှာတော့ ပညာရေးစုံညီပွဲတော်များကို ဆုချီးမြှင့်ရန် ပညာရေးဝန်ကြီးဌာနက ထောက်ပံ့ငွေထုတ်ပေးခဲ့တာဟာ ယခုနှစ်ဆိုရင် ဒုတိယမြောက်နေ့ဖြစ်ပါတယ်။ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်းမှာ ကျပ်(၅၀၀၀၀၀)၊ အလယ်တန်းကျောင်းအတွက် ကျပ်(၃၀၀၀၀၀)၊ မူလတန်းကျောင်းအတွက် ကျပ်(၁၅၀၀၀၀)နှုန်းဖြင့် ကျောင်းအဆင့်ပွဲတော်များကျင်းပရန် ကျန် သန်း(၈၈၀၀)ကျပ်၊ မြို့နယ်အဆင့် ပွဲတော်များကျင်းပရန် ကျပ်သန်း(၁၀၀၀)ကျော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပွဲတော်များ ကျင်းပရန်အတွက် ကျပ်သန်း(၁၆၇)သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း(၉၉၀၀)ကျော် ကျခံထောက်ပံ့တယ်လို့ သိရှိရပါတယ်။ ဉာဏဆု၊ ကာယဆုများ ချီးမြှင့်ရန်လို့ ဆိုပါတယ်။ စာမေးပွဲဦးတည်ပညာရေးစနစ်မှ ရလဒ်အခြေပြုပညာရေးစနစ်သို့ ပြောင်းလဲနေသော တစ်နည်းအားဖြင့် အလွတ်ကျက်ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်၊ ကိုယ်တိုင်ပုံဖော် ပညာရေးစနစ်သို့ ပြောင်းလဲနေရာ ဉာဏစွမ်းရည်ဆုအတွက် အဂတိကင်းစွာ စိစစ်ရွေးချယ်ဖို့ အထူးလိုအပ်ပါတယ်။ ကြီးကျယ်ခမ်းနားစွာ ဂုဏ်ပြုချီးမြှင့်လေလေ၊ ပွင့်လင်းမျှတမှန်ကန်စွာ စိစစ်ရွေးချယ်ဖို့လိုလေဖြစ်ပါတယ်။ အဂတိမကင်းသောရွေးချယ်မှု ဖြစ်ခဲ့မယ်ဆိုရင် ဆုပေးပွဲကြောင့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ စိတ်ဒဏ်ရာရကာ အကျိုးထက် အပြစ် ဖြစ်မည်ဖြစ်ပါတယ်။

အစိုးရကို ပြည်သူကရွေးချယ်တဲ့ ဒီမိုကရေစီစနစ်မှာ နိုင်ငံသားတိုင်းဟာ ဗဟုသုတများစွာပြည့်ဝနှံ့စပ်ဖို့လိုအပ်တဲ့အတွက် ကျောင်းတွင်းစာကြည့်တိုက်ရှိ စာကြည့်တိုက် အသုံးပြုဆုံး၊ စာဖတ်အများဆုံးဆုများ ချီးမြှင့်မယ်ဆိုရင်လည်းပဲ ဉာဏဆုနှင့် အကျုံးဝင်မှာ ဖြစ်ပါတယ်။ ကာယစွမ်းရည်ဆုအတွက် ပညာရေးပြက္ခဒိန်အရ လအလိုက်ပြိုင်ပွဲများ ကျင်းပကာ ပါဝင်ယှဉ်ပြိုင်စေခြင်းမရှိဘဲ ပညာရေးစုံညီပွဲတော်နီးကာမှ ဆုပေးရအမည်နာမတပ်နဲ့ ပူစီပေါင်းဖောက်ခြင်း၊ ခေါင်းအုံးရိုက်ခြင်း၊ ကုလားထိုင်လုခြင်း စတဲ့ ပျော်ပွဲရွှင်ပွဲ ပြိုင်ပွဲများမှ ပထမ၊ ဒုတိယ၊ တတိယတို့ကို ကာယဆုချီးမြှင့်တာမျိုး မဖြစ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်က ပြိုင်ပွဲဝင် အားကစားအမျိုးအစား အားလုံးကို မဟုတ်တောင်မှ အားကစားအမျိုးအစား တချို့ကို ဒေသန္တရအလိုက် ပီပီပြင်ပြင် ပါဝင်ယှဉ်ပြိုင်စေကာ စံချိန်စံညွှန်းမီထူးချွန်သည့်ထက် ပိုမိုထူးချွန်လာစေဖို့ နှစ်စဉ်အလေးထားဂုဏ်ပြု ချီးမြှင့်ပေးခြင်းအားဖြင့် နိုင်ငံတကာ

ပြိုင်ပွဲဝင် အားကစားသမားများအတွက် နည်းပြတာဝန်ယူထားကြတဲ့ ပြည်ပ နည်းပြများ၊ ပြည်တွင်း တာဝန်ရှိပုဂ္ဂိုလ်များက အားကစားမျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်မှု အလွန် အားနည်းတယ်ဆိုတဲ့ ဝေဖန်ထောက်ပြမှုများကို အလေးထားစဉ်းစား ဖြေရှင်းပေးရာလည်းရောက်မှာ ဖြစ်ပါတယ်။ ကျောင်းထောက်ပံ့ကြေးများပေးစဉ်က အကြောင်းအရာ(၁၂)ခုဖြင့် သုံးစွဲရန် အသေးစိတ်ညွှန်ကြားချက် ရှိတာတောင်မှ အတိုင်အတောပြဿနာတွေ များစွာရှိနေပါသေးတယ်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့်ပညာရေး စုံညီပွဲတော်များမှာ ဆုချီးမြှင့်ရန် ထုတ်ပေးသော ငွေများကို ကျောင်းထောက်ပံ့ကြေးငွေများ သုံးစွဲရန် အသေးစိတ်ညွှန်ကြားသကဲ့သို့ မည်သည့်ဆုများကို မည်ကဲ့သို့ ရွေးချယ်ပြီးပေးရမည်ဟု ညွှန်ကြားချက် ရှိ/မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၆။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ မေးခွန်းများအပေါ် ပြန်လည်ဖြေဆိုခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု ဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ၏ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ငွေလုံးငွေရင်း တည်ဆောက်ရေးမှ အခြေခံပညာကျောင်းဆောင် တည်ဆောက်ရေးအပါအဝင် လုပ်ငန်း(၆)ခုကို မြို့နယ်ဦးစားပေးအဖြစ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ် ဗောဓိ အခြေခံပညာအထက်တန်းကျောင်းမှာ အန္တရာယ်ကျောင်းဆောင်(၁၂၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ်နှစ်ထပ်ဆောင်(၁)ဆောင်၊ (၉၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်(၁)ဆောင်၊ (၁၂၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင် (၁)ဆောင်နဲ့ (၆၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်(၁)ဆောင်၊ စုစုပေါင်း စာသင်ဆောင်(၄)ဆောင် ရှိပါတယ်။ အဲဒီထဲက တစ်ဆောင်ကတော့ အန္တရာယ်ရှိ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့

စာသင်ဆောင်ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ မူလတန်းအဆင့်မှာ(၅၉)ဦး၊ အလယ်တန်း အဆင့် ကျောင်းသား၊ ကျောင်းသူ(၁၉၃)ဦးနဲ့ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ(၂၀၉)ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ(၄၆၁)ဦး ဗောဓိ အခြေခံပညာအထက်တန်းကျောင်းမှာ ပညာ သင်ယူလျက်ရှိကြပါတယ်။ ဒါကတော့ ဗောဓိ အခြေခံပညာအထက်တန်းကျောင်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ (၁၂၀ x ၃၀)ပေ နှစ်ထပ် အန္တရာယ်ရှိကျောင်းဆောင်ဖြစ်ပါတယ်။ ဒါကတော့ (၉၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်ဖြစ်ပါတယ်။ (၁၂၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်ဖြစ်ပါတယ်။ ဒါကတော့ (၆၀ x ၃၀)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ရမ်းပြဲမြို့နယ်၊ ဗောဓိ အခြေခံပညာအထက်တန်းကျောင်းမှာ အန္တရာယ်ရှိ ကျောင်းဆောင်အစား (၁၄၀ x ၃၀)ပေ RC နှစ်ထပ်ဆောင်တစ်ဆောင် အသစ်ဆောက်လုပ်ပေးဖို့ အတွက် လိုအပ်တဲ့ရန်ပုံငွေကိုတော့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ရောက်တဲ့အခါမှာ ကျွန်တော်တို့ ခွင့်ပြုဘဏ္ဍာငွေမှ ခွဲဝေရရှိမယ့်ရန်ပုံငွေကနေ သုံးစွဲရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေး ဝန်ကြီးဌာနအနေနဲ့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ အန္တရာယ်ရှိ ကျောင်းဆောင်တွေဟာ ပထမ ဦးစားပေး ဖြစ်ပါတယ်။ သို့သော် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များက ပညာရေးအသုံးစရိတ်ကို ဦးစားပေးမြှင့်တင်ပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ သို့သော် ခွင့်ပြု ရန်ပုံငွေရဲ့ ဘောင်အတွင်းကသာ ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။

ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွန်း ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြ အပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က ကျောင်းသား၊ ကျောင်းသူတွေကို မနှစ်က ၂၀၁၈ ခုနှစ်၊ မေလမှာ ကျွန်တော်တို့ ဝင်ခွင့်လျှောက်လွှာတွေ အားလုံးနဲ့အတူ ဖြန့်ဝေဆောင်ရွက်ခဲ့ပါတယ်။ ဒါကတော့ စိစစ် ရွေးချယ်တဲ့ ကျွန်တော်တို့ သတ်မှတ်ချက်တွေဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မှု စနစ်အရ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က တက္ကသိုလ်တွေအားလုံးအတွက် ဆောင်ရွက် ပေးတာဖြစ်သလို လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ ကျွန်တော်တို့ မနှစ်ကဆိုရင် တက္ကသိုလ် (၁၁)ခုကို တက္ကသိုလ်ဝင်ခွင့် တိုက်ရိုက်ရွေးချယ်တဲ့စနစ်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ အခါမှာ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ကနေပြီးတော့မှ ၂၃ - ၅ - ၂၀၁၈ ရက်နေ့မှာ ကျွန်တော်တို့ သက်ဆိုင်ရာ တက္ကသိုလ်အလိုက် ဝင်ခွင့်လက်ခံနိုင်တဲ့ဦးရေအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပပြီးတော့မှ အတည်ပြုခဲ့ပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်တွေမှာရှိတဲ့ တက္ကသိုလ်(၂၃)ခုမှာ မနှစ်ကဆိုလို့ရှိရင် (၇)ကျောင်း တိုးလိုက်တဲ့အတွက် (၂၃)ကျောင်းအထိ ဝင်ခွင့်ပုံစံတွေကို ကျွန်တော်တို့ ဒါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေဟာ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားတဲ့အခါမှာ ပိုမိုအဆင် ပြေနိုင်ဖို့အတွက် ၂၀၁၇ ခုနှစ်မှာ(၁၆)ကျောင်း၊ မနှစ်က ၂၀၁၈ ခုနှစ်မှာ (၂၃)ကျောင်းနဲ့ ကျွန်တော်တို့ ဇွန်လကတည်းက လက်ခံပြီးတော့ စုစည်းရပါတယ်။ ဒီလို လက်ခံစုစည်းရရှိတာတွေကို ရန်ကုန်မြို့ မှာရှိတဲ့ ကျွန်တော်တို့ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်ရုံးခွဲ အခုတော့ ပါမောက္ခချုပ်များကော်မတီ

ရုံးမှာ တက္ကသိုလ်ဝင်ခွင့်တွေကို စိစစ်ရွေးချယ်ပါတယ်။ အဲဒီလို တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရာမှာ တက္ကသိုလ်ဝင်စာမေးပွဲမှာ ဖြေဆိုခဲ့တဲ့ဘာသာတွဲအလိုက် လျှောက်ထားရမယ့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် အထူးပြုဘာသာရပ်များနဲ့အညီ အောက်ဖော်ပြပါ အချက်(၃)ချက်အပေါ်မှာ မူတည်ပြီးတော့မှ စိစစ်ရွေးချယ်ပါတယ်။

ဒီလို စိစစ်ရွေးချယ်တဲ့အခါမှာ (က)၊ (ခ)၊ (ဂ) ဖော်ပြပါအတိုင်း စိစစ်ရွေးချယ်သော်လည်းပဲ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်တဲ့ ကျောင်းသား၊ ကျောင်းသူတွေဟာ ဆိုလို့ရှိရင် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားတဲ့အခါမှာ ကိုယ့်ရဲ့ စွမ်းဆောင်ရည်နဲ့ ဝါသနာ အနီးစပ်ဆုံးဖြစ်ဖို့အတွက် အင်မတန်အရေးကြီးပါတယ်။ နိုင်ငံတကာမှာလည်း တက္ကသိုလ်ဝင်ခွင့်တွေကို လေ့လာမယ်ဆိုလို့ရှိရင် တက္ကသိုလ်တစ်ခုကို ဦးစားပေး လျှောက်တာမဟုတ်ရင်၊ အဲဒီတက္ကသိုလ်ကို ဦးစားပေး လျှောက်တာမဟုတ်ဘဲ တက္ကသိုလ်ကို ရောက်လာခဲ့ရင်တောင် ကျောင်းဆောင်နေထိုင်ခွင့်မပြုတာတွေ၊ ဒီလိုမျိုး သတ်မှတ်တာတွေလည်းရှိပါတယ်။ ပြီးရင် အကြောင်းအကျိုး၊ အကောင်းအဆိုးကိုလည်း စဉ်းစား လုပ်ဆောင်နိုင်တဲ့ စွမ်းရည်တွေကိုလည်း များများသင်ယူလေ့ကျင့်ဖို့အတွက်ကလည်း အရေးကြီးပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် အဓိက စိစစ်ရွေးချယ်တဲ့အချက်(၃)ချက်ကတော့ သင်တန်းရွေးချယ်မှုကတ်ပြားမှာ ဖော်ပြထားတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နဲ့ အထူးပြုဘာသာရပ်တွေရဲ့ ဦးစားပေးအစီအစဉ် တက္ကသိုလ်ဝင်စာမေးပွဲမှာရရှိတဲ့ ရမှတ် သို့မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိသည့်ရမှတ်နှင့် လူတွေ့ရမှတ်တို့၏ စုစုပေါင်းရမှတ်၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နဲ့ အထူးပြုဘာသာရပ်အလိုက် လက်ခံသင်ကြားခွင့်ပြုရန် သတ်မှတ်ထားတဲ့ဦးရေအတိုင်းပဲ ကျွန်တော်တို့က စိစစ်ရွေးချယ်ရတာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့အနေနဲ့ အောက်ပါ လုပ်ငန်းအစီအစဉ်တိုင်း ဇွန်လကနေ အောက်တိုဘာလအထိ စိစစ်ရွေးချယ်မှုလုပ်ငန်းတွေကို (က)လျှောက်ထားသူများရဲ့ သင်တန်းရွေးချယ်မှု ကတ်ပြားများကို အမှတ် အများ၊ အနည်းအလိုက် စဉ်ရပါတယ်။ အမှတ်အများဆုံးရတဲ့ လျှောက်ထားသူရဲ့ ကတ်ပြားကနေစပြီး အမှတ် အများ၊ အနည်းအလိုက် ကတ်ပြားတစ်ခုချင်းစီကို စိစစ်ရပါတယ်။

သင်တန်းရွေးချယ်မှုကတ်ပြားမှာ ဖော်ပြထားတဲ့ ဦးစားပေးအစီအစဉ်အတိုင်း စိစစ်ပါတယ်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အလိုက်၊ အထူးပြုဘာသာရပ်အလိုက် လက်ခံရန် သတ်မှတ်တဲ့ ဦးရေအတွင်းပဲ ဝင်ခွင့်ပြုလို့ရပါတယ်။ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားသူတစ်ဦးဟာ တက္ကသိုလ်ဝင်ခွင့်ပြုရန် ထိုသူ၏ သင်တန်းရွေးချယ်မှုကတ်ပြားကို အထက်တွင်ဖော်ပြထားတဲ့အတိုင်း စိစစ်ရာမှာ ဦးစားပေး(၁)ကို ပထမဦးဆုံးစိစစ်ပါတယ်။ ဦးစားပေး(၁)မှာ ဖော်ပြထားတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် အထူးပြုဘာသာရပ်မှာ လက်ခံရန် သတ်မှတ်ထားသော ဦးရေအတွင်းဖြစ်ပါက တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် သို့မဟုတ် အထူးပြုဘာသာရပ်ကို ခွင့်ပြုပါတယ်။ ဦးစားပေး(၁)မှာ ဖော်ပြထားတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် သို့မဟုတ် အထူးပြုဘာသာရပ်၌ လက်ခံရန် သတ်မှတ်ဦးရေပြည့်နေပြီဖြစ်ပါက ဦးစားပေး(၂)ကို စိစစ်ပေးပါတယ်။

ဦးစားပေး(၂)မှာဖော်ပြထားတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် သို့မဟုတ် အထူးပြုဘာသာရပ်မှာ သတ်မှတ်ဦးရေ ပြည့်နေရင် ဦးစားပေး(၃)ကို ဆက်လက်ပြီးစိစစ်ပါတယ်။ ဦးစားပေး

(၃)မှာလည်းပဲ ဒီလိုပဲ အထက်က ဖော်ပြထားတဲ့အတိုင်းပဲ သတ်မှတ်တဲ့ဦးရေ မပြည့်မီသေးလို့ရှိရင် ကျွန်တော်တို့ ဝင်ခွင့်ပြုပြီးတော့မှ သတ်မှတ်တဲ့ဦးရေ ပြည့်မီပြီဆိုရင်တော့ ဦးစားပေး(၄)ကို ဆောင်ရွက်ပါတယ်။ ဦးစားပေး(၄)အနေနဲ့ ကျွန်တော်တို့ ၎င်းအောက်မှာ ဖော်ပြထားတဲ့ ဦးစားပေးတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ အထူးပြုဘာသာရပ်တွေကိုတော့ စဉ်းစားပေးမှာ မဟုတ်ပါဘူး။ ဦးစားပေး (၃)တွင် သတ်မှတ်ဦးရေပြည့်ပါက ဦးစားပေး(၄)နဲ့ ၎င်းအောက်မှာရှိတဲ့ အစီအစဉ်ကို အဆင့်ဆင့် စဉ်းစားဆောင်ရွက်ပေးတာဖြစ်ပါတယ်။

ကျောင်းသားတစ်ဦးအတွက် သင်တန်းရွေးချယ်မှုကတ်ပြားမှာ ဖော်ပြထားသော ဦးစားပေး အစီအစဉ်အတိုင်းပဲ စိစစ်ရွေးချယ်လို့ရပါတယ်။ သီးခြားရွေးချယ်မှုစနစ်အရ ရမှတ်မမီတဲ့ တက္ကသိုလ် ဝင်ခွင့်လျှောက်လွှာတွေကိုတော့ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ကို လွှဲပြောင်းပေးပြီး အထက် ဖော်ပြပါအတိုင်း၊ ဦးစားပေး(၁)၊ (၂)၊ (၃)၊ (၄)အတိုင်းပဲ ကျွန်တော်တို့ ဆက်လက်ပြီး စိစစ်ဆောင်ရွက် ပါကြောင်း တင်ပြအပ်ပါတယ်။ ဦးစားပေး ပြည့်စုံစွာ ဖော်ပြလျှောက်ထားခြင်းမရှိခဲ့သဖြင့် ပယ်ရသူများ ဟာလည်း ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ၊ ကျွန်တော်တို့ ဆွေးနွေးတဲ့အတိုင်းပဲ ပယ်ရသူတွေဟာလည်း ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားသူတစ်ဦးသည် သင်တန်းရွေးချယ်မှုကတ်ပြားတွင် တက္ကသိုလ်နှင့် အထူးပြု ဘာသာရပ်များကို အပြည့်အစုံမဖော်ပြဘဲ ဥပမာအားဖြင့် တက္ကသိုလ်(၃)ခုကိုသာ ဦးစားပေး(၁)၊ (၂)၊ (၃)ဖြင့် ဖော်ပြပြီးတော့ ထိုအစီအစဉ် အတိုင်းပင် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က စဉ်းစားပါတယ်။

အကယ်၍ ဦးစားပေး(၁)၊ (၂)၊ (၃)ပါ တက္ကသိုလ်တွေမှာ သတ်မှတ်ဦးရေ ပြည့်မီနေပြီ ဆိုရင်တော့ အခြားတက္ကသိုလ်နဲ့ အထူးပြုဘာသာရပ်တွေမှာ နေရာရှိစေကာမူ ၎င်းလျှောက်လွှာကို ကျွန်တော်တို့က ဘယ်ကိုလျှောက်မှန်း မသိတဲ့အတွက်ကြောင့်မို့ အဲဒီလျှောက်လွှာကို ပယ်ရပါတယ်။ ဦးစားပေးအစီအစဉ်မှာ ဖော်ပြလျှောက်ထားခြင်းမပြုသော မည်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် သို့မဟုတ် အထူးပြုဘာသာရပ်ကိုမျှ ကျွန်တော်တို့ဟာ စဉ်းစားပြီး၊ စိစစ်ပြီး ဆောင်ရွက် ပေးလို့မရပါကြောင်း တင်ပြအပ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးလုပ်ငန်း ပြီးစီးပြီးနောက် ဦးစားပေးမပြည့်စုံ၍ အပယ်ခံရသူများက အသနားခံ လျှောက်ထားလာလို့ရှိရင် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့က အနိမ့်ဆုံးရမှတ်မီတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်တွေကိုပဲ နေရာကျန်ရင် စိစစ်ပြီးတော့မှ အဲဒီတက္ကသိုလ်တွေနဲ့ သက်ဆိုင်တဲ့ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးရပါတယ်။

ဒါကြောင့်မို့ မနှစ်ကဆိုရင် ကျောင်းသား၊ ကျောင်းသူ(၂၀၀)ဦးသည် ဦးစားပေး ပြည့်စုံစွာ ဖော်ပြလျှောက်ထားခြင်း မရှိတဲ့အတွက်ကြောင့် ပယ်ရပြီး သူတို့တွေကို နောက်ဆုံးဖော်ပြထားတဲ့ တက္ကသိုလ်ဝင်ခွင့်အတွက် ပြန်လည်ပြီးတော့မှ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပြီး အနိမ့်ဆုံး ရမှတ်မီသော တက္ကသိုလ်တွေကိုပဲ စိစစ်ပြီးတော့မှ ဝင်ခွင့်လက်ခံနိုင်တဲ့ဦးရေဟာ သတ်မှတ်ပြီးပြီဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ညှိနှိုင်းအတည်ပြုပြီးပါက တက္ကသိုလ်မှာ ဆရာ၊ ဆရာမတွေဟာဆိုရင် ဧပြီလ၊ မေလမှာဆိုရင်လည်း တက္ကသိုလ်ဝင်စာမေးပွဲ လုပ်ရပါတယ်။ ပြီးရင် မတ်လမှာ စာမေးပွဲ စစ်ဆေးခဲ့တဲ့ တက္ကသိုလ်ရဲ့ စာမေးပွဲအောင်စာရင်းတွေကိုလည်း လုပ်ရပါတယ်။ အောက်တိုဘာလ၊ နိုဝင်ဘာလမှာ ဆိုလို့ရှိရင်လည်း စက်တင်ဘာလရဲ့ စာမေးပွဲအောင်စာရင်းတွေကို လုပ်ရသလို အဝေးသင်

တက္ကသိုလ် စာမေးပွဲတွေကိုလည်း အနီးကပ်သင်တန်းပြီးရင် စာမေးပွဲ ဒါတွေကို အောက်တိုဘာလ၊ နိုဝင်ဘာလ နှစ်လစလုံးမှာ အနားယူမယ့်ရက်မရဘဲနဲ့ ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။

အဲဒီလို ဆောင်ရွက်နေကြတဲ့ အနားယူရက်မရှိတဲ့ ဆရာ၊ ဆရာမတွေထဲကမှ လုပ်အားပေး ဆရာ၊ ဆရာမအချို့နဲ့ ကျွန်တော်တို့ဟာ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးကို ဇွန်လကနေ အောက်တိုဘာလအထိ စိစစ်ရွေးချယ်ရပါတယ်။ ဒါကြောင့်မို့လို့ အောက်တိုဘာလ၊ နိုဝင်ဘာလလောက် ရောက်မှ ပြန်လည်ပြင်ဆင် စဉ်းစားပေးပါ၊ သတ်မှတ်ပေးပါ လျှောက်ထားလာတဲ့ဟာတွေကို အစက အဆုံး အချိန်ယူ ဆောင်ရွက်ရတာဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း၊ ဒီဇင်ဘာလ ကျောင်းဖွင့်အမီ စိစစ်ဆောင်ရွက်ပေးရတာဖြစ်တဲ့အတွက် အလွန်ခက်ခဲပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုတင်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့ ၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးစနစ်ကိုတော့ ကျွန်တော်တို့ မနှစ်က ကိုယ်ပိုင်သီးခြား တိုက်ရိုက် လျှောက်ထားခွင့်ပြုတဲ့ တက္ကသိုလ်အရေအတွက်(၁၃)ခုနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက် မှာရှိတဲ့ ဆေးတက္ကသိုလ်နဲ့ ဆေးနှီးနွယ်တက္ကသိုလ် (၁၅)ခုအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားမယ့် လျှောက်လွှာတစ်ခုတည်းကိုပဲ ကျွန်တော်တို့က ဦးစားပေး အစီအစဉ်အတိုင်း ဖြည့်စွက်လျှောက်ထား စေမှာဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မှုစနစ်ကို ပြန်လည်သုံးသပ်ဖို့အတွက် ပါမောက္ခချုပ်များကော်မတီက ဦးဆောင်ပြီး ဘာသာရပ်နယ်ပယ်မတူသော တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မှုစနစ်ကို ပြန်လည်သုံးသပ်ပြီး အသင့်တော်ဆုံးဖြစ်မယ့် ရွေးချယ်မှုစနစ်ကို ဆွေးနွေးဖို့အတွက် အစည်းအဝေးကို အခုလာမယ့် စနေနေ့ ၉ - ၃ - ၂၀၁၉ ရက်နေ့မှာ ကျွန်တော်တို့ ပြင်ဆင်ညှိနှိုင်း စီစဉ်ဆောင်ရွက်ထားရှိပါကြောင်းနဲ့ စကားဝိုင်းဆွေးနွေးပွဲတွေ၊ သတင်းစာတွေ၊ မီဒီယာတွေ၊ Website တွေကတစ်ဆင့် ကျောင်းသား၊ ကျောင်းသူတွေ၊ မိဘတွေ၊ အုပ်ထိန်းသူတွေ၊ ပြည်သူတွေ သိရှိနိုင်ရန် တာဝန်ယူပြီး အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးသွားဖို့အတွက် စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဟိန်း ၏ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မနှစ်ကဆိုရင် အခြေခံပညာကျောင်းပေါင်း(၆၃၈၆)ကျောင်းကို ကျောင်းအဆင့်တိုးပေးခဲ့ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်မှာတော့ စုစုပေါင်းကျောင်း (၂)ကျောင်းပဲ ကျွန်တော်တို့ ကျောင်းအဆင့် တိုးပေးခဲ့ပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ကျောင်းမှာဆိုလို့ရှိရင် ကျွန်တော်တို့ အလယ်တန်းကျောင်း(ခွဲ)ကနေပြီး အထက်တန်း ကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးဖို့အတွက် 'မူ' သည် အလယ်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ (၃၀၀)ဦးအထက်ရှိရမှာဖြစ်သလို မြေပြန့်ဒေသဖြစ်ရင်(၃)မိုင်၊ သွားလာရေးခက်ခဲပြီး တောင်တန်း၊ မြစ် ချောင်း ပေါများတဲ့ဒေသဆိုရင် (၂)မိုင်ဆိုပြီး ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ တနင်္သာရီတိုင်း ဒေသကြီးဟာ ကျွန်းတွေများတဲ့ ဒေသဖြစ်တဲ့အတွက် သွားလာရေးခက်ခဲတဲ့ (၂)မိုင်ဆိုရင်တောင် အင်မတန် ခက်ခဲပါတယ်။

ဒီ ကွျန်းစုမြို့နယ်၊ ဒုံးပုလဲအော် အခြေခံပညာအလယ်တန်းကျောင်းမှာ အလယ်တန်းအဆင့် ပညာသင်ယူနေတဲ့ ကျောင်းသား၊ ကျောင်းသူ (၂၂၄)ဦးရှိပါတယ်။ သို့သော် ကျွန်းစုအခြေခံပညာ အထက်တန်းကျောင်းနဲ့ (၃၅)မိုင်ခန့်ကွာဝေးတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒုံးပုလဲအော် အလယ်တန်းကျောင်းသည် ဒါကတော့ ကျွန်း(၂)ကျွန်းသည် (၃၅)မိုင်လည်းကွာဝေးတယ်။ ပင်လယ်ပြင်ကြီး ကလည်း ခံနေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျောင်းသား၊ ကျောင်းသူတွေသည် အထက်တန်းပညာ သင်ယူနိုင်ဖို့အတွက် အခွင့်အလမ်းမရှိဘူး ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ စိစစ် လိုက်တဲ့အခါမှာ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့အတွက်ကြောင့် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖို့ စီစဥ်ဆောင်ရွက်နေပါတယ်။ သို့သော် လိုအပ်တဲ့ ကျောင်းဆောင်၊ ဆရာ၊ ဆရာမတို့ကတော့ ကျွန်တော်တို့ တစ်နိုင်ငံလုံး လိုအပ်နေတာ ဖြစ်တဲ့အတွက် ကျွန်တော်တို့မှာ ကျောင်းဆောင်နဲ့ ဆရာ၊ ဆရာမတော့ ဖြည့်ဆည်းပေးဖို့ မရှိဘူးဆိုတာ လေးကိုတော့ ကျွန်တော် လေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်တုတ် ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့အတိုင်းပဲ ပညာရေးစုံညီပွဲတော် တွေမှာ ကျွန်တော်တို့ဟာ ဆုချီးမြှင့်ပေးဖို့အတွက် ခွဲဝေရတဲ့ရန်ပုံငွေတွေကို တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးတွေ၊ မြို့နယ်ပညာရေးမှူးရုံးတွေရဲ့ MD ငွေစာရင်းတွေကို ခွဲဝေဆောင်ရွက်ပေး ပါတယ်။ အဲဒီလိုခွဲဝေပေးတဲ့ ရန်ပုံငွေတွေကို သုံးစွဲရာမှာ ဘဏ္ဍာရေးစည်းမျဥ်း စည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနဲ့အညီ သေချာစိစစ်၍ သုံးစွဲကြရန်နဲ့ ခွင့်ပြုငွေထက် ပိုမိုသုံးစွဲ ခြင်းမပြုဖို့အတွက် ညွှန်ကြားဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးစုံညီပွဲတော်ဟာ ကျွန်တော်တို့ အခု ဆိုလို့ရှိရင် ကျောင်းသား၊ ကျောင်းသူတွေကိုလည်းပဲ တိုင်းရင်းသားစာပေနှင့် ယဥ်ကျေးမှုတွေကိုလည်း အားပေးမြှင့်တင်ဖို့ ဉာဏစွမ်းရည်ဆုတွေကိုလည်း ချီးမြှင့်ပေးဖို့အတွက် စီစဥ်ဆောင်ရွက်သလို ကာယ စွမ်းရည်အတွက်လည်း အားကစားပြိုင်ပွဲတွေကို ထည့်သွင်းပြီးတော့မှ ချီးမြှင့်ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။

ကာယစွမ်းရည်ဆုအတွက် ကျွန်တော်တို့ လက်ဆင့်ကမ်း၊ အမြင့်ခုန်၊ အလျားခုန်၊ သံလုံးပစ်၊ သံပြားပစ် သတ်မှတ်ပြီးတော့မှ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဆုချီးမြှင့်ပေးအပ်နိုင်ဖို့ အတွက် ကျွန်တော်တို့ စိစစ်ရွေးချယ်ဆောင်ရွက်ပြီး ပညာရေးစုံညီပွဲတော်မှာ ဆုချီးမြှင့်ပေးခြင်း ဖြစ်ပါတယ်။ ဒီလိုမျိုးဆောင်ရွက်တဲ့အခါမှာတော့ ဘဏ္ဍာရေးစည်းမျဥ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း နဲ့အညီ ပွင့်လင်းမြင်သာဖို့ဆိုရင်တော့ မိဘ၊ ဆရာအသင်းနဲ့ မိဘတွေရဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုက အင်မတန်အရေးကြီးပါတယ်။ ကျွန်တော်တို့ လူရည်ချွန်စာမေးပွဲတွေဆိုရင် မိဘတွေကိုယ်တိုင် ပူးပေါင်း ပါဝင် ဆောင်ရွက်လိုက်တဲ့အခါမှာဆိုလို့ရှိရင် ပိုမိုပြီးတော့မှ အငြင်းပွားတာတွေ လျော့နည်းလာတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ပညာရေးစုံညီပွဲတော် ဆုရွေးချယ်တဲ့အခါမှာလည်း မိဘပြည်သူတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနဲ့ ဒီပြိုင်ပွဲတွေကိုလုပ်ပြီး ဆုရွေးချယ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီဟာ တွေသည် ပိုပြီးတော့ ထိထိရောက်ရောက်နဲ့၊ ပွင့်လင်းမြင်သာမှုရှိစွာနဲ့ အကောင်အထည်ဖော်ဆောင်ရွက် နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီဟာတွေကို စိစစ်ရွေးချယ်ဖို့အတွက်ကိုတော့ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွေမှာ မိဘ၊ ဆရာအသင်းတွေနဲ့ ပူးပေါင်းပြီး စိစစ်ရွေးချယ် ဆောင်ရွက်ပေးပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးစုံညီပွဲတော်တွေ ကျင်းပနိုင်ဖို့နဲ့ ဆုချီးမြှင့်ဖို့အတွက် ရန်ပုံငွေခွဲဝေမှုအဖြစ် အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်းလျှင် ကျပ်(၅၀၀၀၀၀)၊ အခြေခံပညာ အလယ်တန်းကျောင်းတစ်ကျောင်းလျှင် ကျပ်(၃၀၀၀၀၀)၊ အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းလျှင် ကျပ်(၁၅၀၀၀၀)တို့နဲ့ ကျွန်တော်တို့ ညွှန်ကြားချက်နဲ့ နှစ်စဉ် ခွဲဝေစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနဲ့ မိဘ၊ ဆရာအသင်းနဲ့ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း ဝိုင်းဝန်းပြီးတော့ ကျွန်တော်တို့ ပူးပေါင်းပါဝင် စီစဉ်ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ပိုမိုပြီးတော့မှ အောင်အောင်မြင်မြင်နဲ့ ထိထိရောက်ရောက်နဲ့ ပွင့်လင်းမြင်သာမှုရှိစွာ၊ အခက်အခဲ နည်းပါးစွာနဲ့ ဒါတွေကို ဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၄ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၄။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နယ်နိမိတ်

တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဒေါ်နန်းနီနီအေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　　။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၉ - ၁၁၈
ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်

၁။　ပြည်သူ့လွှတ်တော်က နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းကို ၇ - ၂ - ၂၀၁၉ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်၊ ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး(၂) မဲဆန္ဒနယ်အမှတ်(၄)တို့က ၂၂ - ၂ - ၂၀၁၉ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေ ချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်တို့နှင့် ၂၇ - ၂ - ၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။　အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့သည့် အပိုဒ် ၇၊ အပိုဒ်ခွဲ(ခ) ခြေဆင်း၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၄၊ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ပြီး အမျိုးသား လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၂၃ တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အတိုင်းသာ ပြန်လည်ထားရှိသင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊

သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ပညာရှင်တို့နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့သည့် အပိုဒ် ၇၊ အပိုဒ်ခွဲ(ခ) ခြေဆင်း၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၄၊ ပြည်သူ့လွှတ်တော်က ပယ်ဖျက်ပြီး အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၂၃ တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ပြန်လည်ထားရှိသင့်ကြောင်းနှင့် ဤဥပဒေကြမ်း၏ ကျန်အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များကိုလည်း ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ခံယူဆောင်ရွက်သင့်ပါကြောင်း တစ်ပါတည်း တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့သည့် ဥပဒေကြမ်း၏ အပိုဒ် ၇၊ အပိုဒ်ခွဲ(ခ) ခြေဆင်း၊ အပိုဒ် ၇၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၄ နှင့် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ပြီး အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၂၃ တို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြန်လည်ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြန်လည်အတည်ပြုထားသော ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၇၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စု လွှတ်တော်တွင် အဆုံးအဖြတ်ခံယူ ဆောင်ရွက်သင့်ပါကြောင်း လေးစားစွာဖြင့် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁:၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက်များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကူအညီများ ရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၁:၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာအချက်အလက်များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာ အားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းချမှတ် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၃၉။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်လူမျိုးတွေက နိုင်ငံတစ်နိုင်ငံကိုသိမ်းပိုက်ပြီး ကိုလိုနီလက်အောက်ခံ အဖြစ် အုပ်ချုပ်တော့မယ်ဆိုရင် ပထမဆုံး သူတို့အုပ်ချုပ်မယ့်နိုင်ငံကို မြေတိုင်းထွာခြင်း၊ မြေပုံထုတ် ခြင်းတွေ ဆောင်ရွက်တယ်လို့ ကျွန်တော်တို့ သိရှိခဲ့ရပါတယ်။ နောက်တော့ ကြေးတိုင်စိုက် မှတ်တမ်း ပြုစုပြီး နှစ်ပေါင်းရာနဲ့ချီတိုင်အောင် အဲဒီတိုင်းပြည်ကို အုပ်ချုပ်တော့တာပါပဲ။ ကြေးတိုင် ဆိုတာနဲ့ ပတ်သက်ပြီး ပညာရှင်တွေ အဓိပ္ပာယ်ဖွင့်ဆိုတာတော့ အတည်တကျမရှိသေးတဲ့ နယ်မြေတစ်ခုကို တည်တံ့အောင်စာရင်းပြုစုပြီး အုပ်ချုပ်စေခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုကြောင်းလည်း လေ့လာခဲ့ဖူးပါတယ်။ နိုင်ငံတစ်ခုရဲ့ ရေမြေသဘာဝ ပကတိတည်ရှိနေတဲ့ လယ်ယာမြေတွေနဲ့ အဲဒီမြေပေါ်မှာ တည်ရှိနေတဲ့ အရာအားလုံးနဲ့ပတ်သက်ပြီး မှတ်တမ်းပြုစုခြင်း၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတု၊ မြို့မြေ၊ ရွာမြေ၊ လူဦးရေ၊ ကိုးကွယ်သည့်ဘာသာ၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် အချက်အလက်ပေါင်းများစွာကို မှတ်တမ်းပြုစုပြီး ကြေးတိုင်စိုက် အုပ်ချုပ်ခြင်းလို့ ဆိုပါတယ်။ ကြေးတိုင်အစီရင်ခံစာမှာပါတဲ့ အချက်အလက်တွေကို အမှီပြုပြီး အုပ်ချုပ်သူအချင်းချင်းက လက်ဆင့်ကမ်းလွှဲပြောင်းပြီးတော့ နောက် ဆက်ခံတဲ့ ပုဂ္ဂိုလ်များက မိမိတို့ အုပ်ချုပ်ရမယ့်ဒေသရဲ့ အခြေအနေကို ဂဃနဏသိရှိပြီး ကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်ခဲ့ကြတာပါ။ ခရိုင်တစ်ခုချင်းကို မှတ်တမ်းပြုတဲ့အတွက် District Gazetteer လို့လည်း ခေါ်ဆိုတာကို ကျွန်တော်တို့ သိရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ ဆွေးနွေးနေတဲ့ တစ်ခုတည်းသောမြေပုံဆိုတာလည်း ကြေးတိုင်မှတ်တမ်းတစ်ခုလိုပဲလို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ ရေမြေ သဘာဝ၊ လူဦးရေ၊ ဆင်းရဲချမ်းသာကွာဟမှု၊ ပညာရေး၊ ကျန်းမာရေး ဝန်ကြီးဌာနတစ်ခုချင်းဆီရဲ့ မြေယာစီမံခန့်ခွဲမှုနဲ့ ပတ်သက်တဲ့မှတ်တမ်းတွေ ခေတ်မီနည်းစနစ်တွေကို အသုံးပြု မြေပုံနှင့်တကွ မှတ်တမ်းတင်ဖော်ပြခြင်းလို့ ကျွန်တော် ဒီလို နားလည်သဘောပေါက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလို့ဆိုလိုက်တာနဲ့ ကျွန်တော်တို့တွေဟာ ဌာနဆိုင်ရာအသီးသီးကို ရောက်လာတဲ့ တိုင်စာတွေ၊ ကျွန်တော်တို့ ကော်မတီအသီးသီးကိုရောက်လာတဲ့ တိုင်စာတွေကို ပြေးမြင် မိပါတယ်။ ကျွန်တော်တို့တိုင်းပြည်ဟာလည်း မြေယာနဲ့ ပတ်သက်ပြီး ကျိန်စာများသင့်နေလားလို့ ထင်မြင် ယူဆမိပါတယ်။ ကျွန်တော်တို့မှာ မြေကြီး၊ မြေပုံ၊ မြေစာရင်းနဲ့ စာရင်းကိန်းဂဏန်းတွေ မှန်ကန်စွာ၊ တိကျစွာ ဆောင်ရွက်ထားမှုမရှိခဲ့လို့ဖြစ်ပါတယ်။ မြေရှိလျှင် စာရင်းရှိရမယ်။ မြေရှိလျှင် စာရင်းရှိရုံနဲ့မပြီး ရှိသောစာရင်းသည် တိကျမှန်ကန်ရမယ်ဆိုတဲ့ ဆိုစကားတွေ ကြားသိဖူးပါတယ်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြေနဲ့ပတ်သက်တဲ့ စာရင်းအင်းကိန်းဂဏန်းတွေ တိကျမှန်ကန်စွာ ပြုစုနိုင်ရေးဟာ အလွန်အရေးကြီးတယ်လို့ မြေအကြောင်းကို စိတ်ဝင်စားသူတွေ၊ မြေယာကိစ္စကို စီမံဆောင်ရွက်နေ

ကြသူတွေအားလုံး လက်ခံထားကြပါတယ်။ မြေဟာ လူသားတို့ တန်ဖိုးထားမက်မောဖွယ်ရာ ဝင်ငွေနဲ့ ကြွယ်ဝမှုရဲ့ အရင်းအမြစ်ဖြစ်တာ၊ မြေပိုင်ဆိုင်မှုဟာ ဂုဏ်ဒြပ်အနေနဲ့ရှိနေတာ၊ မြေပေါ်မှာ မှီတင်းနေထိုင်လုပ်ကိုင် စားသောက်ခြင်းအပါအဝင် ကုန်ကြမ်းပစ္စည်းများလည်း ရရှိနိုင်တာကြောင့် လူတစ်ဦးချင်းအတွက်သော်လည်းကောင်း၊ နိုင်ငံတစ်ခုအတွက်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းစွာနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ဟာ ဒီနေ့အချိန်အထိ အင်္ဂလိပ်အစိုးရပြုစုထားတဲ့ မြေပုံတွေ၊ စာရင်းဇယားတွေ၊ မြေမျိုးများ၊ မြေအမျိုးအလိုက် ဧရိယာများကို အခြေပြုပြီး မြေယာဆိုင်ရာစီမံအုပ်ချုပ်မှုများကို ဆောင်ရွက်နေကြရတာဖြစ်ပါတယ်။ စိုက်ပျိုးမြေ၊ စားကျက်မြေ၊ သစ်တောမြေ၊ မြို့မြေ၊ ရွာမြေ စသည်ဖြင့် မြေမျိုး(၂၂)မျိုးကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ခွဲခြားပြီးတော့ စီမံခန့်ခွဲနေကြတာ မဟုတ်ပါလား။ ဒီလို ဝန်ကြီးဌာနတွေက စီမံခန့်ခွဲတဲ့နေရာမှာ မိမိတို့ဌာနပိုင်တဲ့မြေ၊ မိမိတို့ဌာနက အလိုရှိတဲ့မြေ ဘယ်နေရာမှာ တည်ရှိတယ်၊ ဧက ဘယ်လောက်ရှိတယ် အစဉ်အဆက် ပိုင်ဆိုင်မှုမှတ်တမ်းတွေက ဘယ်လိုရှိတယ်ဆိုတာတွေကို တိတိကျကျပြုစုထားမှသာ ဌာနတွေရဲ့မြေယာစီမံခန့်ခွဲမှုဟာ တရားမျှတစွာ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေမှာ ဝန်ကြီးဌာနအလိုက် မြေယာပိုင်ဆိုင်မှု၊ အငြင်းပွားမှုတွေမရှိအောင် အားလုံး ပူးပေါင်းဆောင်ရွက်ဖို့ အထူးလိုအပ်နေပါပြီ။ မြေအမျိုးအစား(၂၂)မျိုးနဲ့ ပတ်သက်တဲ့ ဝန်ကြီးဌာနများ အဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းဆီရဲ့ မြေယာပိုင်ဆိုင်မှု၊ အငြင်းပွားမှုတွေကိုလည်း မှန်ကန်စွာ ဖြေရှင်းနိုင်အောင် တစ်မျိုးတည်းသော မြေပုံစနစ်ဖြစ်ပေါ်ရေး ဝန်ကြီးဌာနအားလုံး ပူးပေါင်းဆောင်ရွက်ရေးသည် တိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့ အခြေအနေတစ်ရပ် ဖြစ်ပေါ်နေပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တဲ့ ထိုင်းနိုင်ငံဟာ တစ်ခုတည်းသော မြေပုံစနစ်ဖြစ်ပေါ်ရေးအတွက် ၁၉၈၅ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ နှစ်ပေါင်း(၂၀) စီမံကိန်းချပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီ နှစ်ပေါင်း(၂၀)စီမံကိန်းကို (၅)နှစ်အလိုက် စီမံကိန်းတွေ ခွဲပြီးတော့ အဆင့်(၄)ဆင့် ပိုင်းခြားဆောင်ရွက်ခဲ့တယ်လို့လည်း လေ့လာသိရှိရပါတယ်။ ပထမအဆင့်မှ တတိယအဆင့်အထိ ကမ္ဘာ့ဘဏ်နဲ့ နိုင်ငံတကာအစိုးရရဲ့ အထောက်အပံ့နဲ့ ဆောင်ရွက်ခဲ့ပြီး၊ စတုတ္ထအဆင့်ကိုတော့ ထိုင်းနိုင်ငံအစိုးရရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

ပထမအဆင့်မှာ မြေတိုင်းခြင်း၊ မြေပုံထုတ်ခြင်းနဲ့ စနစ်တကျ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တွေနဲ့ပတ်သက်တဲ့ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကိုလည်း ဆောင်ရွက်ပါတယ်။ ဒုတိယအဆင့်နဲ့ တတိယအဆင့်မှာ စီမံခန့်ခွဲမှုစွမ်းရည်၊ IT နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်ခန့်ခွဲရေးကို ဆောင်ရွက်တယ်လို့သိရှိရပါတယ်။ စတုတ္ထအဆင့်မှာတော့ မြေယာလုပ်ပိုင်ခွင့်နဲ့ မှတ်ပုံတင်ခြင်းလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ထုတ်ပေးခြင်းကိစ္စတွေကို ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ထိုင်းနိုင်ငံဟာ ကျွန်တော်တို့ မြန်မာနိုင်ငံလိုပဲ မြေကြီးမြေပုံမမှန်ကန်မှု ငွေကြေးအရင်းအနှီးနည်းပါးမှု၊ နည်းပညာနဲ့ လုပ်အားစိုက်ထုတ်မှုတွေ တစ်ချိန်က လိုအပ်ချက်တွေ၊ စိန်ခေါ်မှုတွေ ရှိခဲ့ကြတာပါပဲ။ ဒီအခက်အခဲ အကျပ်အတည်းများကနေ ရုန်းထွက်ပြီးတော့ သုတေသနတွေ့ရှိချက်များကို အသုံးချ၊ နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် တစ်ခုတည်းသော မြေပုံစနစ်ဖြစ်မြောက်ရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်တည်နေရာ စံစနစ်နဲ့ ချိတ်ဆက်နိုင်ခဲ့တာပါ။

ဒီလုပ်ငန်းစဉ်ကြီးရဲ့ နောက်ကွယ်မှာ နောက်ထပ်လုပ်ရမယ့်ကိစ္စတွေ ကျွန်တော်တို့မှာလည်း အများအပြားရှိပါတယ်။ အဲဒါကတော့ ကွင်းထွက်မြေပုံတွေ တိုင်းတာဖို့ပါပဲ။ ကျွန်တော်တို့နိုင်ငံမှာ ကွင်းပေါင်း (၈၀၀၀၀)ကျော်ရှိတယ်လို့ သိရပါတယ်။ ဒီကွင်းတွေကလည်း အင်္ဂလိပ်လက်ထက်က တိုင်းထွာခဲ့တဲ့ ကွင်းတွေပါပဲ။ မတိုင်းထွာရသေးတဲ့ကွင်းတွေလည်း အများအပြားရှိပါတယ်။ တိုင်းထွာပြီးတဲ့ကွင်းတွေကလည်း မမှန်ကန်ဘူးဆိုတာ အားလုံး လက်ခံထားကြပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ တိုင်းပြည်မှာ မြေဥပဒေကို မှန်ကန်ပြီးတော့ မြေယာဆိုင်ရာအငြင်းပွားမှုတွေ ကင်းရှင်းစွာနဲ့ တိုင်းပြည်ရဲ့ မြေယာဖွံ့ဖြိုးတိုးတက်မှုတွေကို စနစ်တကျ စီမံဆောင်ရွက်နိုင်ဖို့အတွက် တစ်ခုတည်းသော မြေပုံစနစ် ဖြစ်ပေါ်ရေးဟာ အလွန်ပဲအရေးကြီးနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားမြေအသုံးချမူဝါဒ အပိုင်း(၂)၊ အခန်း(၃)၊ အပိုဒ်(၁၅)မှာလည်း မှန်ကန်တိကျသော မြေနှင့်မြေပုံ၊ မြေနှင့်သက်ဆိုင်သော မှတ်တမ်းနဲ့ အချက်အလက်တို့ကို စနစ်တကျ စီမံထားရှိခြင်းသည် မြေအသုံးချမှုကို စနစ်တကျ စီမံခန့်ခွဲခြင်း၊ မြေယာလုပ်ပိုင်ခွင့် ခိုင်မာမှုနှင့် မြို့ပြနှင့် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်တယ်လို့ ဖွင့်ဆိုထားပါတယ်။ ဒါကြောင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ တစ်ခုတည်းသော မြေပုံစနစ်ပြုစုရေးနဲ့ မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းချဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုအား လေးနက်စွာ ဆွေးနွေးထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၄၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၄၇။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ တစ်ခုတည်းသော မြေပုံစနစ် ပြုစုထူထောင်ရေးနဲ့ ပတ်သက်တဲ့ အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရဲ့ ရည်ရွယ်ချက်က မြေယာအုပ်ချုပ်ရေး၊ မြေယာစီမံခန့်ခွဲရေး၊ မြေယာဝေခြမ်းရေးတို့ကို ထိရောက်ရှင်းလင်းလွယ်ကူ လျင်မြန်စွာဆောင်ရွက်နိုင်ဖို့ မှန်ကန်တဲ့ မြေယာမူဝါဒတွေ ချမှတ်နိုင်ဖို့ ခိုင်မာတဲ့မြေယာအချက်အလက်တွေ ရရှိနိုင်ဖို့ဖြစ်ပါတယ်။ တစ်ခုတည်းသောမြေပုံကို ထူထောင်ပြီး မြို့မြေ၊ ရွာမြေ၊ လယ်မြေ၊ ယာမြေတွေကို စနစ်တကျ မှတ်ပုံတင်နိုင်ဖို့နဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် သစ်တောမြေတွေကို မှတ်တမ်းပြုစုနိုင်ဖို့ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ မြေအရင်းအမြစ် ပေါများတဲ့နိုင်ငံ တစ်နိုင်ငံဖြစ်လို့ အဲဒီမြေအရင်းအမြစ်တွေကို အရင်းအနှီးအဖြစ်နဲ့ ပြုပြင်ပြောင်းလဲပြီးတော့ ကျွန်တော်တို့နိုင်ငံ

ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်တဲ့ အခွင့်အလမ်းတွေ များစွာရှိနေပါတယ်။ နှစ်စဉ် တိုးပွားလာတဲ့ လူဦးရေကို ဝလင်အောင်ကျွေးဖို့ ကျွန်တော်တို့ လယ်ယာမြေသစ်တွေ ဖော်ထုတ်ဖို့ လိုပါတယ်။ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကလိုအပ်နေတဲ့ စက်မှုလုပ်ငန်းတွေ ထူထောင်ဖို့အတွက် မြေယာတွေ သတ်မှတ်ပေးဖို့ လိုပါတယ်။ အဲဒါနဲ့တစ်ပြိုင်နက်တည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ခေါ်ယူနိုင်ဖို့ ပိုမိုဆွဲဆောင်နိုင်ဖို့ မြေယာတွေ ဝေခြမ်းပေးဖို့ လိုပါတယ်။ တစ်ကြိမ်တည်း တစ်ပြိုင်တည်းမှာပဲ တိုင်းရင်းသားများရဲ့ မိရိုးဖလာမြေယာ လုပ်ပိုင်ခွင့်တွေကိုလည်း အသိအမှတ်ပြုပေးဖို့ လိုပါတယ်။

ဒါတွေကို စနစ်တကျ ဆောင်ရွက်နိုင်ဖို့ဆိုရင် မြေယာဥပဒေတွေ၊ မြေယာမူဝါဒတွေ ခိုင်ခိုင်မာမာရှိဖို့ လိုအပ်သလို တစ်ခုတည်းသော မြေပုံစနစ် ထူထောင်ဖို့ကလည်းပဲ အင်မတန် အရေးကြီးပါတယ်။ တစ်ခုတည်းသော မြေပုံဆိုတာက မြို့တွေ၊ ရွာတွေ၊ မြစ်တွေ၊ ချောင်းတွေ၊ လယ်တွေ၊ ယာတွေ၊ သစ်တောတွေကို သာမန်စက္ကူပေါ်မှာ ကွန်ဒိုတွေနဲ့ အမှတ်အသားသင်္ကေတတွေနဲ့ ပြတာမဟုတ်ဘဲနဲ့ နိုင်ငံရဲ့ ဒေသတစ်ခုရဲ့ လူမှုစီးပွားရေး အချက်အလက်တွေကို ကွန်ပျူတာနည်းပညာ၊ ဒီဂျစ်တယ်နည်းပညာနဲ့ စုစည်းထားတဲ့ သတင်းအချက်အလက် စုစည်းမှုသာဖြစ်ပါတယ်။ ကွန်ပျူတာ ကလစ်တစ်ချက်နှိပ်လိုက်တာနဲ့ အဲဒီကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း ဘယ်နှစ်ရွာ ရှိသလဲ၊ အိမ်ထောင်စု ဘယ်လောက်၊ လူဦးရေ ဘယ်လောက်၊ စာသင်ကျောင်း ဘယ်လောက်၊ ဆရာ၊ ဆရာမ ဘယ်လောက်၊ ကျေးရွာမှာ ဆေးပေးခန်း ဘယ်နှစ်ခုရှိတယ်၊ လမ်းတံတားတွေ ဘယ်လိုရှိတယ်၊ လယ်မြေအခြေအနေတွေ၊ သစ်တောအခြေအနေတွေ ဘယ်လိုရှိတယ်ဆိုတာကို စက္ကန့်ပိုင်းအတွင်း၊ မိနစ်ပိုင်းအတွင်း ရယူသိရှိနိုင်ဖို့ တစ်ခုတည်းသောမြေယာစနစ် ထူထောင်ဖို့ဆိုတာ အင်မတန် အရေးကြီးပါတယ်။ စီမံကိန်းမြေ အကောင်အထည်ဖော်တဲ့အခါမှာ အဲဒီတစ်ခုတည်းသော မြေယာစနစ်ကို ကျွန်တော်တို့ အားကိုးအားထားပြုကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း အဆိုရှင်က တစ်ခုတည်းသော မြေပုံစနစ်ကို ထူထောင်နိုင်မယ်ဆိုရင် ယနေ့နိုင်ငံမှာ ရင်ဆိုင်နေရတဲ့ မြေယာပြဿနာအများစုကို ရင်ဆိုင်ဖြေရှင်းနိုင်မယ်လို့ ဆိုပါတယ်။ မြေကြီးနဲ့မြေပုံ ကွဲလွဲနေတာ၊ လိုနေတာ၊ ပိုနေတာ၊ ထပ်နေတာ၊ မြို့ရွာနယ်နိမိတ်တွေ အငြင်းပွားတာ သိမ်းဆည်းခံ လယ်ယာမြေတွေ အငြင်းပွားတာတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဖြေရှင်းဖို့ဆိုရင် တစ်ခုတည်းသော မြေပုံစနစ် ထူထောင်ရမှာ မှန်ပါတယ်။ ဒါပေမယ့်လည်း မြေယာပြဿနာတွေကို ထိထိရောက်ရောက် ဖြေရှင်းဖို့ဆိုရင် တစ်ခုတည်းသော မြေပုံစနစ်ကို ထူထောင်တာ မလုံလောက်ဘဲနဲ့ မြေယာစီမံခန့်ခွဲခွင့်ရရှိနေတဲ့ ပုဂ္ဂိုလ်များရဲ့ အကျင့်စာရိတ္တမဏ္ဍိုင်ကိုလည်း၊ အဲဒီမြေပုံကြီးကိုလည်း ပြုပြင်ပေးဖို့ လိုပါလိမ့်မယ်။ ဒါမှသာလျှင် ကျွန်တော်တို့ စနစ်တကျ ပြုပြင်ပြီးတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းတွေချနိုင်မှာ ဖြစ်ပါတယ်။

အဲဒီလို ပြုပြင်နိုင်မယ့်နည်းလမ်းတွေထဲက တစ်ခုကတော့ မြေယာစီမံခန့်ခွဲခွင့်ရနေတဲ့ သူတွေ မြေယာစီမံခန့်ခွဲတဲ့နေရာမှာ ဘက်လိုက်မှုတွေ၊ မမျှတမှုတွေ၊ အဂတိလိုက်စားမှုတွေရှိနေတဲ့ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ မြေစာရင်းဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ အရေးယူ အပြစ်ပေးကြရမှာဖြစ်ပါတယ်။ ဒါ တစ်နိုင်ငံလုံးမှာ ကြုံတွေ့နေရတဲ့ပြဿနာတွေ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မှာ ကြုံတွေ့ရတဲ့အခြေအနေတစ်ခုကို ပြောပြရမယ်ဆိုရင် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းက ဒေသခံတောင်သူတစ်ဦးက မြေလွတ်တစ်ဧကလောက်ကို ခုတ်တယ်။ ခုတ်တော့

မြို့နယ်အုပ်ချုပ်ရေးမှူးက တားတယ်၊ ဘာကြောင့်တားသလဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်ရုံးကို ရောက်လာပြီး စိစစ်လိုက်တဲ့အခါကျတော့ အဲဒီဟာက ပိုင်ရှင်တစ်ဦးကို ဧက(၃၀)ချထားပြီးသား ဖြစ်တယ်။ ၂၀၁၅ ခုနှစ်၊ ၆ လပိုင်းမှာ ချထားပေးတယ်။ အဲဒီ (၆)လပိုင်းမှာ ချထားပေးတဲ့ ၂၀၁၉ ခုနှစ်မှာ (၄)နှစ်ပြည့်လို့ မစိုက်ဘူးဆိုရင် နိုင်ငံတော်ကို ပြန်အပ်ရမယ်ဆိုတဲ့ မူဝါဒ ၂၀၁၂ ခုနှစ် မြေမူဝါဒ ရှိပါတယ်။ ဒါပေမဲ့ အဲဒီဟာကိုမလိုက်နာဘဲနဲ့ အခု ဧက(၃၀) ယူထားတဲ့ပုဂ္ဂိုလ်က ဒီမြေယာကြီးကို ရောင်းချလိုက်ပါတယ်။ ဒါဟာ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေ ပုဒ်မ ၁၆ နဲ့ ပုဒ်မခွဲ(ဂ)ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်တာပဲဖြစ်ပါတယ်။ ဒီလို ချိုးဖောက်လိုက်တဲ့အခါကျတော့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ မြေစာရင်းဦးစီးဌာနက မသိကျိုးကျွံပြုနေတာ ဒါဟာ သူတို့ ဥပဒေကို ချိုးဖောက်တာပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုလိုက်တဲ့ဥပဒေကို ချိုးဖောက်ခြင်းဟာ ပြည်ထောင်စုလွှတ်တော်ကို စော်ကားလိုက်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလိုရှိနေတာတွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေတာတွေ ကျွန်တော်တို့ ဥပဒေနဲ့တားမြစ်ကြရမှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ ပြဿနာတွေကို ကောင်းမွန်စွာ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုတွေ ဖြေရှင်းနိုင်ဖို့ဆိုရင် မြေပုံတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ မြေပုံမှာရှိနေတဲ့ အချက်အလက်တွေ မှန်ကန်ဖို့လိုပါတယ်။ မှန်ကန်ဖို့လိုတဲ့ အချက်အလက်တွေကို ကောက်ယူတဲ့အခါမှာလည်း သက်ဆိုင်ရာ မြေယာစီမံခန့်ခွဲခွင့်ရှိတဲ့သူတွေက အချက်အလက်တွေ မှန်မှန်ကန်ကန်ထောက်ပံ့ပေးဖို့ လိုပါလိမ့်မယ်။ လွှတ်တော်ကိုယ်စားလှယ်များပါတဲ့ စိစစ်ရေးကော်မတီကနေစိစစ်လိုက်တဲ့ တင်ပြလိုက်တဲ့ အချက်အလက်တွေကို တစ်မျိုးတင်ပြလိုက်တယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေလည်း ဘာမှမသိဘဲနဲ့ မြေပုံ၊ မြေကြီးမှန်ကန်မှုဆိုတာ ရှိနေသော်လည်းပဲ အားကိုးရလောက်တဲ့ အစီရင်ခံစာတင်ပြမှုတွေ ဖြစ်မလာဘူးဆိုရင် ကျွန်တော်တို့ ဒါတွေက ဆက်လက်ပြီးတော့ ဒီမြေယာပြဿနာတွေ ကျွန်တော်တို့ ကြုံတွေ့နေကြရဦးမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ကြုံကြိုက်လို့ တစ်ခုပြောချင်တာက တောင်အာရှနိုင်ငံ တစ်နိုင်ငံမှာ နိုင်ငံတော်သမ္မတကြီး (၅)နှစ်သက်တမ်း တာဝန်ထမ်းဆောင်ပြီးတော့ အငြိမ်းစားယူမယ်ဆိုတဲ့အခါကျတော့ နိုင်ငံတော်ကနေပြီးတော့ မြေကွက်(၁)ကွက်ပေးပါတယ်။ အဲဒီမြေကွက်(၁)ကွက်ဟာ ရှေ့တန်းစစ်မျက်နှာမှာ ကျဆုံးသွားတဲ့ စစ်သည်များရဲ့ဇနီး မုဆိုးမတွေအတွက် အိမ်ယာဆောက်လုပ်ပေးဖို့ဆိုတာလည်း သိလိုက်ရရော အဲဒီ အငြိမ်းစားသမ္မတကြီးက ပြန်ပြီး လွှဲပြောင်းပေးခဲ့ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုက်ရိုက်သက်ဆိုင်တဲ့ဟာပဲ အဓိကထား ဆွေးနွေးပေးပါ။

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ မြေပုံတွေကို တည်ထောင်နိုင်ဖို့ဆိုရင် အဲဒီလို ကိုယ်ချင်းစာနာတတ်တဲ့စိတ်တွေလည်း မြေယာစီမံခန့်ခွဲတဲ့သူတွေမှာလည်း အပြည့်အဝရှိဖို့ လိုပါတယ်လို့ ပြောဆိုရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၃။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အဆိုရှင်ရဲ့ အဆိုမှာ ပါဝင်တဲ့ နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များရဲ့ အကူအညီများရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုရေးနှင့် မြေယာမှတ်ပုံ တင်ခြင်းလုပ်ငန်း နှစ်စဉ်စီမံကိန်း ချမှတ်ဆောင်ရွက်ရန်နှင့် ပတ်သက်ပြီးမှ ထောက်ခံဆွေးနွေးသွား မှာဖြစ်ပါတယ်။ အဓိက ကျွန်မ ဆွေးနွေးချင်တာကတော့ အဆိုရှင်ရဲ့ နောက်ဆုံး အပိုင်းမှာ ဖော်ပြထားတဲ့ One Map Myanmar Project နဲ့ပတ်သက်ပြီးတော့မှ အဓိကဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နည်းပညာပိုင်းဆိုင်ရာ အသုံးအနှုန်းများအတွက် အင်္ဂလိပ်လို တချို့ စကားလုံးတွေ အသုံးအနှုန်းများ ခွင့်ပြုဖို့လည်း ပန်ကြားအပ်ပါတယ်။ ကျွန်မတို့ One Map Project ဟာဆိုလို့ရှိရင် အမျိုးသားမြေအသုံးချမှုကောင်စီရဲ့ လမ်းညွှန်မှုနဲ့ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ်၊ အမျိုးသား မြေသတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ် ထူထောင်ရေးလုပ်ငန်းကော်မတီမှ ဆောင်ရွက်လျက် ရှိပါတယ်။ Forcal ဝန်ကြီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဖြစ်ပါတယ်။ အမျိုးသားမြေပုံစနစ် ရန်ပုံငွေထောက်ပံ့တဲ့ Agency ကတော့ ဆွစ် ဖွံ့ဖြိုး ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဆွစ်ဇာလန်နိုင်ငံက ဖြစ်ပါတယ်။ မြန်မာအမျိုးသားမြေပုံစနစ် ထောက်ပံ့ရေးရန်ပုံငွေကတော့ ၂၀၁၅ ခုနှစ်ကနေ ၂၀၂၃ ခုနှစ်အထိ ဖြစ်ပါတယ်။ ကျွန်မကို Power Point အနည်းငယ် သုံးစွဲခွင့်ပြုပါရှင်။

အဲဒီတော့ ကျွန်မတို့နိုင်ငံ ဘာကြောင့် ဒီလို Project တွေ စီမံဆောင်ရွက်ရလဲဆိုလို့ရှိရင် Geographic Information System နဲ့ ကွန်ပျူတာစနစ်တွေ သုံးလာတာဆိုလို့ရှိရင် သမားရိုးကျ မြေပုံထက် အမြင်အားဖြင့်လည်း ဆန်းသစ်တယ်။ မြေယာစီမံခန့်ခွဲခြင်းလုပ်ငန်းတွေအတွက် မြေအတန်း အစားနဲ့ဇုန်တွေ သတ်မှတ်ဖို့လည်း ကျွန်မတို့ အရမ်းပဲအကျိုးရှိပါတယ်။ နောက်တစ်ခါမှာ တခြား မြေယာချထားမှုတွေအတွက် ဒါ တော်တော်လေးပဲအသုံးကျပါတယ်။ မြေပုံမှာ သမားရိုးကျ စာရင်းဇယား တွေမသုံးဘဲနဲ့ ဘာဖြစ်လို့ မြေပုံတွေ ဖော်ပြရသလဲဆိုတော့ ဒီမှာဆိုရင် အခြေအနေတွေ၊ ပြဿနာတွေ အလွယ်တကူ လူတိုင်း နားလည်နိုင်အောင် ဖြစ်ပါတယ်။ အဲဒီတော့ မြေစာရင်း၌ မြေယာစီမံခန့်ခွဲခြင်း အတန်းစား ဇုန်တွေ ပြီးခဲ့တဲ့ ကျွန်မ အဆိုတစ်ခုကို ဆွေးနွေးရာမှာလည်း ဖော်ပြထားတာ ဖြစ်ပါတယ်။ မြေအတန်းအစားတွေ များစွာရှိတယ်။ အဲဒီမြေအတန်းအစားတစ်ခုဆိုရင် ကျွန်မတို့ နိုင်ငံမှာဆိုရင် ဌာန (၂၀)ခန့်ကနေပြီးတော့မှ မတူတဲ့ဥပဒေ(၃၀)ကျော်နဲ့ စီမံအုပ်ချုပ်နေတဲ့အတွက်ကြောင့်မို့ လက်တွေ့မှာ ခုနကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ မြေမှာ အခက်အခဲတွေ အများကြီးတွေ့ကြုံနေရတာ ဖြစ်ပါတယ်။ အဲဒီလို မြေအသုံးချမှု ဇုန်တွေ၊ နယ်နိမိတ်တွေက မြေပုံမှာ ပိုင်းခြားထားတာမှ မဟုတ်ဘဲနဲ့ ကျွန်မတို့ ဒီလိုမျိုး ကွန်ပျူတာစနစ်နဲ့ သုံးမယ်ဆိုရင် အများကြီးပဲ အဆင်ပြေမှာဖြစ်ပါတယ်။

နောက်တစ်ခါ မြေစာရင်းနဲ့ မြေတိုင်းတာခြင်း ကျွန်မတို့ ပြည်သူတွေရဲ့ (၆၅)ရာခိုင်နှုန်းကျော်က လုပ်ကွက်ငယ်လေးတွေနဲ့ အမှီပြုနေရတာ ဖြစ်ပါတယ်။ မြေကို တရားဝင်အသုံးပြုနိုင်ဖို့ လယ်သမားတွေရဲ့ အဓိကအချက်ဖြစ်ပါတယ်။ ကွင်းမြေပုံတွေကလည်း Land Administration တို့၊ Land raised System တွေမှာ မရှိမဖြစ်လိုအပ်တဲ့ အဲဒီအရာတွေက ခုန ကိုယ်စားလှယ် ဦးအောင်မျိုးတင်ပြထားသလို ခေတ်မမီတော့ပါဘူး။

နောက်တစ်ခါ အခြားမြေယာတွေ ချထားမှုအတွက် ဒီ အမျိုးသားမြေအသုံးချမှုဝါဒမှာ ဆိုရင်လည်း ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုစနစ် အသိအမှတ်ပြုထားတယ်။ တချို့နေရာတွေမှာ ဓလေ့ထုံးတမ်းအရ မြေပိုင်ဆိုင်မှုဆိုတာ မြေကို တစ်ဦးတစ်ယောက်ချင်းပိုင်ဆိုင်ခြင်း မဟုတ်ဘဲနဲ့ အများကပိုင်တဲ့မြေအဖြစ် သတ်မှတ်တဲ့ဓလေ့လည်း တွေ့ရတယ်။ ဒါကြောင့် မြေပုံနဲ့သာ သုံးမယ်ဆိုလို့ရှိရင် ဒီဟာတွေကို အများကြီး ကာကွယ်ပေးမှာဖြစ်ပါတယ်။ မြေယာချထားပေးတဲ့မြေတွေကို စီမံခြင်းနဲ့ စောင့်ကြပ်ခြင်းပြုတဲ့အခါမှာ ကျွန်မတို့ ဒီဟာတွေ အလွယ်တကူ ဆောင်ရွက်လို့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြေပုံရေးဆွဲတဲ့ နည်းပညာတွေကလည်း ဥပမာဆိုရင် Drone နည်းပညာတွေ ရှိတယ်၊ GPS နည်းပညာတွေ ရှိတယ်။ ဒါတွေကတော့ ကျွန်မတို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့အခါမှာ ကျွန်မတို့ အလွယ်တကူ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ သတ်မှတ်ပြီးတော့ စောင့်ကြည့်ပြီးတဲ့အခါမှာ ကျွန်မတို့ အရမ်းပဲ အသုံးဝင်တာဖြစ်ပါတယ်။

အဲဒီတော့ မြေယာအသုံးချမှုစီမံကိန်းရေးဆွဲတဲ့အခါမှာလည်း ဘက်ပေါင်းစုံနဲ့ မြေယာအသုံးချမှု စီမံကိန်း ရေးဆွဲဖို့အတွက်လည်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရမ်းအရေးကြီးပါတယ်။ မြေပုံတွေဟာ မြေယာအသုံးချမှုစီမံကိန်း ရေးဆွဲတဲ့အခါမှာ လိုအပ်ချက်ဖြစ်သလို စီမံကိန်းရေးဆွဲတဲ့အခါမှာလည်း ရလဒ်တစ်ခုဖြစ်တယ်။ မြေယာဖုံးလွှမ်းနေတဲ့အနေအထားတွေ ကြည့်မယ်ဆိုရင် ခုန ပြထားတဲ့မြေပုံ GIS မှာ Layer အလိုက်ကို သုံးရမှာ ဖြစ်ပါတယ်။ အဲဒီမှာဆို ကျွန်မတို့ အချက်အလက်တွေ ပြီးခဲ့တုန်းက ရှင်းပြခဲ့တဲ့ Soil Suitability ပေါ့နော် မြေမှာရှိနေတဲ့ သတင်းအချက်အလက်တွေ၊ ဆင်းရဲမှုတွေ၊ သွားလာရလွယ်ကူတဲ့ အချက်အလက်တွေ၊ အခြေခံအဆောက်အအုံတွေ၊ နောက်တစ်ခါ အခြားရင်းနှီးမြှုပ်နှံမှု သင့်တော်တဲ့မြေနေရာတွေ အားလုံးကို Layer လိုက်၊ Layer လိုက် ပေါင်းစပ်နိုင်ပါတယ်။ အရင်တုန်းကဆိုရင် မြေယာစနစ်က မြေကြီးမြေပုံက အင်အားကြီးတဲ့သူတွေကပဲ ထိန်းချုပ်ထားပြီး ပြည်သူလူထုက မြေပုံတွေကို အလွယ်တကူ မရခဲ့ပါဘူး။ အခု ဒီစနစ်မှာဆိုရင် ရပ်ရွာလူထုက ပူးပေါင်းပြီးတော့မှ မြေပုံရေးဆွဲတဲ့အလေ့အထတွေ ဆောင်ရွက်နေတာဖြစ်တယ်။ ဒါ ပြည်သူလူထုရဲ့ မြေယာအခွင့်အရေးနဲ့ အရင်းအနှီးတွေကာကွယ်ဖို့အတွက် စီမံရာမှာ ကိရိယာတစ်ခုလည်း ဖြစ်လာပါတယ်။ နောက်တစ်ခါမှာ မြေယာအငြင်းပွားမှု ဖြေရှင်းတဲ့အခါမှာ အရမ်းကိုပဲ အကျိုးရှိပါတယ်။ အတူတကွ စုပေါင်းပြီးတော့ မြေပုံတွေ ရေးဆွဲမယ်၊ အတည်ပြုစစ်ဆေးမယ်ဆိုလို့ရှိရင် အငြင်းပွားမှု ဖြေရှင်းရာမှာ မြေပုံဟာ ကိရိယာတစ်ခုအနေနဲ့ အသုံးကျပါတယ်။ ဒါက နိုင်ငံတကာမှာရှိနေတဲ့ One Map Project မှာ ဆောင်ရွက်နေတဲ့ပုံတွေ ဖြစ်ပါတယ်။

ဒါကတော့ ကမ္ဘာမှာဆိုလို့ရှိရင် မြေပုံ သတင်းအချက်အလက် အခြေခံအဆောက်အအုံတွေ တည်ဆောက်ပြီးတော့ အစိမ်းရောင်နိုင်ငံတွေကတော့ အားလုံး တည်ဆောက်ထားပါတယ်။ GIS မြန်မာနိုင်ငံမှာဆိုရင် အဝါရောင်ပေါ့နော်။ လုံး၀ ကျန်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့

မြန်မာပြည်မှာရှိတဲ့ Standard တွေကလည်း အရေးပါတဲ့ မြေပုံနဲ့အချက်အလက်တွေကို စာရွက်ပုံစံနဲ့ ဖြန့်ချိတယ်။ နယ်ရုံးတွေမှာ သိမ်းဆည်းထားတယ်။ Digital စနစ်နဲ့သိမ်းဆည်းထားတဲ့ ပုံတွေရှိတယ် ဆိုပေမယ့်လည်း မျိုးမတူတဲ့ Software နဲ့သုံးတဲ့အတွက်ကြောင့် Layer တစ်ခုနဲ့တစ်ခု ထပ်လို့ မရပါဘူး။ ဥပမာ သစ်တောရဲ့စာရင်းနဲ့ မြေတိုင်းရဲ့စာရင်း နောက်တစ်ခါ လယ်ယာမြေစီမံခန့်ခွဲရေးရဲ့ စာရင်းတွေ တစ်ခုနဲ့တစ်ခုက Data တွေ မတူပါဘူး။ မတူတဲ့အခါကျတော့ ထပ်ဖို့က ခက်ခဲပါတယ်။ ဒါကြောင့်မို့လို့ လက်တွေ့မြေပြင်မှာ ဒါ သစ်တောမြေ သွားလိုက်ရင် စိုက်ပျိုးမြေ ဒါတွေလည်း ဖြစ်နိုင်တာတွေ အများကြီးရှိနေပါတယ်။

အဲဒီတော့ အချက်အလက်တွေ အသင့်ရှိမှုနှင့် ရယူသုံးစွဲနိုင်မှု အခြေအနေမှာ ကျွန်မတို့ အားနည်းပါတယ်။ အဲဒီတော့စာရွက်တွေနဲ့ ရှိနိုင်တဲ့အချက်အလက်တွေ သုံးစွဲနိုင်ဖို့ အရမ်းကိုအားနည်းပါတယ်။ ပွင့်လင်းအချက် Open Data ကျွန်မတို့နိုင်ငံမှာ Open Data ဆိုတာ တော်တော်လေး ခက်ခဲပါတယ်။ ဒါကို အချို့အချက်အလက်တွေကျတော့ အချို့ဌာနတွေ ထိန်းချုပ်ထားပြီးတော့ မျှဝေခွင့်မပြုပါဘူး။ နောက်တစ်ခါ အရည်အသွေးမှန်ကန်မှုမှာလည်း ဒီဟာတွေ ခေတ်မမီတဲ့အတွက်ကြောင့်မို့လို့ အရမ်းကိုပဲ အားနည်းပါတယ်။ ဒီ အချက်အလက်မျှဝေတဲ့အလေ့အထမရှိတာ အရေးကြီးတဲ့အမှု ကိစ္စတွေဖြစ်စေတယ်။ ကျွန်မတို့နိုင်ငံမှာ ဒီသတင်းအချက်အလက် ဝေမျှတယ်ဆိုတာ ဘာမှ ထိန်းချုပ်ထားစရာမရှိပါဘူး။


ကျွန်မတို့ One Map Project မှာဆိုရင်လည်း ဖွဲ့စည်းပုံအရ နိုင်ငံတော်မှာရှိတဲ့ ဝန်ကြီးဌာနတွေ ပေါင်းစုံပါတဲ့ National Land Use Council ကနေပြီးတော့မှ ဦးစီးပြီးတော့ ဆောင်ရွက်တယ်။ နည်းပညာအတွက် တက္ကသိုလ်တစ်ခုကနေ ကူညီပေးပါတယ်။ ဒီရည်ရွယ်ချက်ကတော့ ကျွန်မပုံမှာ ဖော်ပြထားသလိုပါပဲ ဒါဟာ နိုင်ငံသားများနဲ့ အစိုးရဌာန ရယူဖို့ ဖြစ်ပါတယ်။ ကျွန်မတို့ Data မှာ လိုအပ်တဲ့ အချက်အလက်တွေ ဖြစ်ပါတယ်။ ဒါအတွက်လည်း Capacity Building တွေလည်း အများကြီးလုပ်ထားပြီး ဖြစ်ပါတယ်။ ကျွန်မတို့ ဒါတွေကို အများကြီး ဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ ဒါကတော့ စာရင်းဌာနဆောင်ရွက်နေတဲ့ လုပ်ငန်းတွေဖြစ်တယ်။ မြေတိုင်းဦးစီးဌာနကလည်း ဆောင်ရွက်နေတာတွေရှိပါတယ်။ သစ်တောဦးစီးဌာန ဆောင်ရွက်နေတာတွေရှိပါတယ်။ ပြည်သူ့အင်အားဦးစီးဌာနကလည်း ဆောင်ရွက်နေတာတွေ ရှိပါတယ်။ နောက် အရပ်ဖက်အဖွဲ့အစည်းတွေ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဒါကတော့ ဒီမှာရှိတဲ့ အဓိက Function တွေ ဖြစ်ပါတယ်။

ဒါကတော့ ဒီလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ဖို့ဖြစ်တယ်။ ဒါကတော့ အရေးကြီးပါတယ်။ ဒါက လမ်းပြမြေပုံပဲဖြစ်ပါတယ်။ ဒီလမ်းပြမြေပုံအတိုင်း ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော် ဒုတိယသမ္မတက ဦးဆောင်တဲ့ နိုင်ငံတော်အကြီးအကဲတွေက လမ်းညွှန်ပြီးတော့မှ ညွှန်ကြားရေးမှူးချုပ်၊ အမြဲတမ်းအတွင်းဝန်တွေကနေ အလယ်အလတ်ရှိတဲ့အရာရှိတွေကို ညွှန်ကြားပြီးတော့မှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်မှာရှိတဲ့ အရာရှိတွေက ဒီစီမံချက်ကို ကောင်းကောင်း နားလည်ပြီးတော့ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်မတို့ လက်ရှိ ရှိနေတဲ့ မြေယာတွေ ဒီနေ့ဆွေးနွေးသွားတဲ့ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ရေး ဥပဒေတွေ စသည်ဖြင့် အဲဒီလိုမျိုး လက်ရှိ တည်ဆဲဥပဒေ ရေးဆွဲနေတဲ့ ဥပဒေတွေနဲ့ပဲ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကတော့ မွန်ဂိုလီးယားနိုင်ငံ ပါပဲ။ ကျွန်မပြောခဲ့သလိုပဲ ဒီလိုမျိုး Digital Map တွေ လုပ်တဲ့အတွက်ကြောင့် အကျိုးရှိတာပါ။ မွန်ဂိုလီးယားနိုင်ငံ ဆိုရင်

သရက်သီး အကြီးအကျယ်ရောင်းချတာ သူတို့ ဘယ်လိုလုပ်လဲ။ ဒါတွေက Online မှာ လူတိုင်းအလွယ်တကူရရှိတာ။ ကျွန်မတို့နိုင်ငံမှာ ဘာကြောင့်မို့လို့ ဒီလို သတင်းအချက်အလက်တွေကို ထိန်းချုပ်ထားရတာလဲ။ ပြည်သူတွေအတွက် ဝေမျှဖို့ အချိန်တန်ပါပြီ။

ဒါကြောင့်မို့လို့ သက်ဆိုင်ရာဌာနများနဲ့ ကျွန်မတို့ဆီမှာရှိနေတဲ့ Data တွေကို မသိမ်းဆည်းထားဘဲနဲ့ ဌာနတစ်ခုနဲ့တစ်ခု ဝေမျှပြီးတော့ တိုင်းပြည်အကျိုး၊ လူမျိုးအကျိုး၊ တိုင်းရင်းသားတွေအကျိုး၊ နိုင်ငံရဲ့အကျိုးအတွက် အားလုံး Share လုပ်ပြီး၊ ဝေမျှပြီး ဆောင်ရွက်ပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။


မြန်မာပြည်၏ လက်ရှိမြေပုံများနှင့် မြေပုံအချက်အလက်များ၏ အခြေအနေပြပုံ (စစ)




မြန်မာပြည်၏ လက်ရှိမြေပုံများနှင့် မြေပုံအချက်အလက်များ၏ အခြေအနေပြပုံ (စစ-၁)



အနာဂတ်ဦးစားပေးလုပ်ငန်းများ အခြေအနေပြပုံ (စစ-၂)




**အချိန်၊ ၁၂:၀၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂:၀၁။**

**ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဦးဘမျိုးသိန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီအဆိုမှာ ဆိုလို့ရှိရင် မြေယာအုပ်ချုပ်ရေးကဏ္ဍ ထိရောက်ဖို့ မြေယာဆိုင်ရာသတင်းအချက်အလက်တွေ ခိုင်မာမှန်ကန်ဖို့ မြေယာမှတ်ပုံတင်လုပ်ငန်းတွေဆောင်ရွက်ဖို့ နောက် တစ်မျိုးတည်းသောမြေပုံစနစ် ထူထောင်ဖို့အတွက်ကို ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ အကူအညီနဲ့ ဆောင်ရွက်ဖို့အတွက်ကို တိုက်တွန်းတဲ့အဆို ဖြစ်ပါတယ်။

ဒီအဆိုမှာဆိုလို့ရှိရင် အဓိကထား လုပ်ရမယ့် လုပ်ငန်းတွေက မြေယာဆိုင်ရာ သတင်းအချက်အလက်များ မှန်ကန်ရရှိနိုင်ရေး၊ မြေယာမှတ်ပုံတင်လုပ်ငန်းများ မဖြစ်မနေဆောင်ရွက်ရေး နဲ့ တစ်မျိုးတည်းသောမြေပုံစနစ် ပြုစုထူထောင်ရေးဖြစ်ပါတယ်။ ဒါလည်း နိုင်ငံအတွက် အခြေခံကျတဲ့ မရှိမဖြစ်ဆောင်ရွက်ရမယ့် လုပ်ငန်းလည်းဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေ လုပ်ရာမှာ ကျွန်တော်တို့ ပြည်တွင်း၊ ပြည်ပပညာရှင်များ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများရဲ့ အကူအညီနဲ့ ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ အထူးသဖြင့် လိုအပ်တဲ့ နည်းပညာတွေ၊ နည်းစနစ်တွေ၊ ခေတ်မီကိရိယာတွေ၊ ကျွမ်းကျင်ပညာရှင်များနဲ့ ရန်ပုံငွေ ဘဏ္ဍာရေးတို့ကို စနစ်တကျနဲ့ အချိန်ကာလ သတ်မှတ်ပြီးတော့ စီမံဆောင်ရွက်ဖို့၊ အောင်အောင်မြင်မြင် ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလုပ်ငန်းတွေကို စနစ်တကျ စီမံဆောင်ရွက်နိုင်ဖို့ ထိရောက်မှုရှိတဲ့ မြေယာအုပ်ချုပ်ရေး၊ မြေယာစီမံခန့်ခွဲရေးနဲ့ မြေအသုံးချရေးတို့ ပီပီပြင်ပြင်ရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးမှာ မြေယာစီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနဲ့ အသုံးချရေးတို့ဟာ အရေးကြီးတဲ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမယ့်လုပ်ငန်းများ ဖြစ်ပါတယ်။ ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေရဲ့ မြေယာစီမံအုပ်ချုပ်မှုဟာ ကောင်းမွန်နေတာ တွေ့ရပါတယ်။ ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ ကျွန်တော်တို့ နိုင်ငံအတွက် လုပ်စရာတွေ အများကြီးထဲကမှ မြေယာစီမံအုပ်ချုပ်မှု ဟာ အရေးကြီးတဲ့လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာစီမံခန့်ခွဲအုပ်ချုပ်မှု ဥပဒေဟာ လုပ်ထုံးလုပ်နည်းနဲ့သာ ဆောင်ရွက် ရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း မြေဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများရဲ့ အခန်းကဏ္ဍက လည်း အထူးအရေးကြီးပါတယ်။ ဒီလို မြေယာစီမံခန့်ခွဲဖို့နဲ့ မှတ်တမ်းများ ခန့်ခွဲဖို့ရာမှာ ဥပဒေနဲ့အညီ လုပ်ဆောင်နိုင်ဖို့အတွက်ကို မှန်ကန်ပြည့်စုံတဲ့ ခေတ်မီမြေပုံများ၊ ထိုမြေပုံများမှရရှိတဲ့ ဧရိယာစာရင်းများ၊ အစဉ်အဆက် စီမံခန့်ခွဲမှုကို မှတ်တမ်းပြုစုထားသောမှတ်တမ်းများ ရှိနေရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ မှန်ကန်ပြည့်စုံခေတ်မီတဲ့ မြေပုံများ၊ မြေစာရင်းများနဲ့ မှတ်တမ်းများ ပြုစုထိန်းသိမ်းတဲ့ ခေတ်မီ စနစ်များဟာ အလွန်အားနည်းနေတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ခေတ်မီမြေပုံစနစ် မထူ ထောင်နိုင်ဘူး၊ အားနည်းနေတယ်ဆိုလို့ရှိရင် မြေစာရင်း၊ မြေဆိုင်ရာမှတ်တမ်းများ ခေတ်မမီအားနည်း နေတယ်ဆိုလို့ရှိရင် မြေယာစီမံအုပ်ချုပ်မှု အားနည်းပါတယ်။ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု နောက်ကျပါတယ်။ နိုင်ငံသားတွေရဲ့ လုပ်ဆောင်မှု၊ စွမ်းဆောင်နိုင်မှု အားနည်းပါတယ်။ နိုင်ငံရဲ့ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု ကဏ္ဍတွေမှာ တိုးတက်မှုနည်းပါတယ်။ နောက်ဆုံး GDP ကိုပါ သက်ရောက်မှုရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုင်းနိုင်ငံရဲ့ မြေယာစီမံခန့်ခွဲအုပ်ချုပ်မှုနဲ့ မြေယာမှတ်ပုံတင်တယ်။ မြေပုံစနစ်ကောင်းမွန်ရေးအတွက် အနှစ်(၂၀) စီမံကိန်းချ ဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ လည်းပဲ သူတို့ အတတ်ပညာရှင်တွေ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်း အကူအညီတွေနဲ့ ဆောင်ရွက် ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ပါတယ်။ သူတို့ ဆောင်ရွက်တဲ့အတွက် သူတို့နိုင်ငံရဲ့ စွမ်းဆောင်ရည်မြင့်လာတယ်။ ဌာနဆိုင်ရာတွေအကြား ပူးပေါင်း ဆောင်ရွက်မှုတွေ၊ နားလည်မှုတွေ မြင့်လာတယ်။ အရေးကြီးဆုံးကတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းမှာ စဉ်ဆက်မပြတ် ဦးတည်ချက် မပျောက်ဘဲနဲ့ စည်းလုံးအောင်မြင်တဲ့အထိ ဆောင်ရွက်မှုပါ။ ဒီမှာ ထူးခြားတာကတော့ ထိုင်းနိုင်ငံမှာ ၁၉၈၄ ခုနှစ်ကနေ ၂၀၀၄ ခုနှစ် အနှစ်(၂၀) စီမံကိန်းကာလ တစ်လျှောက်လုံးမှာလည်း အစိုးရအပြောင်းအလဲတွေ ရှိပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ လုပ်ငန်းမျှော်မှန်းချက်တွေ၊ ရည်မှန်းချက်တွေ အောင်မြင်အောင် စဉ်ဆက်မပြတ် လုပ်နိုင်ခဲ့ပါတယ်။ ဒီလိုလုပ်နိုင်ခဲ့လို့လည်း သူတို့နိုင်ငံသားတွေရဲ့ ဒီအောင်မြင်မှုရဲ့ အသီးအပွင့်ကို ခံစားရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တစ်ခုတည်းသော မြေပုံစနစ် ထူထောင် နိုင်ရေး၊ မြေစာရင်းနှင့် မြေမှတ်တမ်းများ ခေတ်မီ စနစ်တကျထားရှိနိုင်ရေးလုပ်ငန်းကို အောင်မြင်အောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ရာမှာလည်း စဉ်ဆက်မပြတ် အားထုတ်ပြီး ကာလဒေသ အ ခြေအနေများအပေါ် စီမံခန့်ခွဲပြီး လုပ်ရမှာဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ လုပ်ဆောင်နေတာ ရှိပါတယ်။ One Map Myanmar Project နဲ့ လုပ်ဆောင်နေပါတယ်။ ဒါပေမယ့်လည်း လက်ရှိ

အနေအထားထက် တိုးမြှင့်ပြီး လုပ်ဆောင်ဖို့လိုပါတယ်။ ဆောင်ရွက်ရာမှာ အချိန်၊ လူအား၊ ဘဏ္ဍာရေး အင်အားတွေနဲ့ ပိုပြီးတော့ အားထုတ်ဖို့ လိုအပ်ပါတယ်။ မြေယာစီမံခန့်ခွဲမှု ကောင်းမွန်ဖို့ရာ စီမံခန့်ခွဲသူတွေကိုယ်တိုင်ရဲ့ စွမ်းဆောင်ရည်မြှင့်ဖို့လိုပါတယ်။ အလားတူပဲ မြေပုံစနစ်၊ မြေစာရင်း၊ မြေပိုင်ဆိုင်မှုများ ကောင်းမွန်ဖို့ရာမှာလည်း စွမ်းဆောင်ရည်ရှိသူများ လိုအပ်ပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့် ဘဏ္ဍာရေး ရန်ပုံငွေရှိဖို့လည်း လိုပါတယ်။ နိုင်ငံတော်က ကျခံပေးရမယ့် အပိုင်းရှိသလို နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများရဲ့ ကူညီပံ့ပိုးမှုရရန်လည်း လိုပါတယ်။ ကူညီမယ့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများလည်း ရှိပါတယ်။ One Map အဖွဲ့အစည်းကလည်း အလွန်စိတ်ဝင်စား ကူညီချင်တာတွေ့ရပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့လည်း ဆွေးနွေးပါတယ်။ ကူညီချင်ပါတယ်။ အခြား အဖွဲ့အစည်းများကလည်း နည်းပညာပိုင်း၊ ဘဏ္ဍာရေးပိုင်းမှာ ကူညီကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဒေသတွင်းဖွံ့ဖြိုးမှု နောက်ကျမကျန်စေရေးအတွက် ကူညီကြခြင်းဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းမျိုးက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်ရမှာဖြစ်သလို အမျိုးသားအဆင့် ဆောင်ရွက်ရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပူးပေါင်းဆောင်ရွက်မှုတွေ၊ ညှိနှိုင်းဆောင်ရွက်မှုတွေ အားကောင်းဖို့လိုသလို ဗဟိုမှ ထိန်းကျောင်းတဲ့စနစ် 'မှု' ရှိဖို့လည်း လိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေနဲ့သက်ဆိုင်တဲ့ စီမံခန့်ခွဲမှုများ၊ မြေနှင့် သက်ဆိုင်သော ဥပဒေများ၊ မြေနှင့်သက်ဆိုင်သော မှတ်တမ်းများဟာ တစ်ခုနဲ့တစ်ခု ဆက်နွယ်ပြီး သဟဇာတဖြစ်ဖို့လိုပါတယ်။ ဒီအတွက် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများအကြား အချင်းချင်းပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှလည်း အောင်မြင်မှာဖြစ်ပါတယ်။ ဒါ့ထက်အရေးကြီးတာက တစ်နိုင်ငံလုံးနဲ့သက်ဆိုင်တဲ့ လုပ်ငန်းများလည်းဖြစ်တဲ့အတွက် နိုင်ငံသားများ၊ တိုင်းရင်းသားများကိုလည်း အသိပေးခြင်း၊ ရှင်းလင်းပြောကြားခြင်းများရှိဖို့လည်းလိုသလို နိုင်ငံသားများ၊ တိုင်းရင်းသားများရဲ့ အကူအညီ၊ ပူးပေါင်းဆောင်ရွက်မှုလည်း လိုပါတယ်။ အလားတူပဲ မြေနဲ့သက်ဆိုင်တဲ့ အဖွဲ့အစည်းများရဲ့ ပူးပေါင်းကူညီမှုများလည်း လိုအပ်ပါတယ်။ အခုလို အားလုံးရဲ့ ပူးပေါင်းကူညီဆောင်ရွက်မှု၊ ညှိနှိုင်းမှု၊ ကူညီပံ့ပိုးမှုများနဲ့သာ ရည်မှန်းချက်အောင်မြင်မယ်။ လိုအပ်နေတဲ့ တစ်ခုတည်းသောမြေပုံစနစ် အောင်မြင်နိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီလို မြေနဲ့ပတ်သက်တဲ့ စီမံကိန်းတစ်ခု၊ တစ်ခုတည်းသောမြေပုံစနစ် မြေယာမှတ်ပုံတင်စနစ်တစ်ခု အောင်မြင်သွားပြီဆိုလို့ရှိရင် ဒီစနစ်မှာ စဉ်ဆက်မပြတ်ဆောင်ရွက်ဖို့လိုသလို ဒီလို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းအားဖြင့် အားနည်းတဲ့အချက်တွေကိုအားသာအောင် ဆောင်ရွက်လို့ရသလို တချို့ အားနည်းတဲ့အချက်တွေကို ဖယ်ရှားလို့ရပါတယ်။ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းအားဖြင့်လည်း ပိုမိုကောင်းမွန်တဲ့ စနစ်တစ်ခုကို ဖန်တီးပြီးတော့ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်နေတဲ့ ဒီမြေပုံစနစ်တစ်ခု၊ တစ်ခုတည်းသော မြေပုံစနစ်တစ်ခု၊ မြေယာမှတ်တမ်းပုံစံမျိုးကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်လည်းပဲ ကျွန်တော် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)ရဲ့ အဆိုဖြစ်တဲ့ တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး၊ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်

ပြည်တွင်းပြည်ပအကူအညီ ပညာရှင်များရဲ့အကူအညီများ ရယူလျက် တစ်မျိုးတည်းသောမြေပုံစနစ် ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းတဲ့အဆိုကို လေးလေးနက်နက် ထောက်ခံပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၂း၀၉။**

**ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးလိုတာကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းသွားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူ လျင်မြန်စွာဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက်များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏အကူအညီများ ရယူလျက် တစ်မျိုးတည်းသောမြေပုံစနစ် ပြုစုရေးနှင့် မြေယာမှတ်ပုံတင် ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာကို လေ့လာတဲ့ အခါမှာ အပိုင်း(၂)ပိုင်းတွေ့ရပါတယ်။ ပထမပိုင်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေနှင့် မြေယာအုပ်ချုပ်ရေးကဏ္ဍမှာ လွယ်ကူလျင်မြန်စွာနဲ့ ထိထိရောက်ရောက်ဆောင်ရွက် နိုင်ဖို့ဆိုရင် တိကျခိုင်မာမှုရှိတဲ့၊ မှန်ကန်မှုရှိတဲ့ မြေယာဆိုင်ရာအချက်အလက်များ ရရှိရေးဟာ အရေးကြီးတဲ့ လိုအပ်ချက်ဖြစ်နေတဲ့အတွက် ဒီလိုအပ်ချက်တွေကို ရရှိဖို့ဆိုရင် မြေယာမှတ်ပုံတင် လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်နေတယ်ဆိုပြီးတော့ မှတ်ပုံတင်လုပ်ငန်းရဲ့ အရေးပါပုံကို တင်ပြထားတာတွေ့ရှိပြီး ဒုတိယပိုင်းကတော့ တစ်မျိုးတည်းသောမြေပုံစနစ်နဲ့ မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းကို လုပ်ကိုင်မယ်ဆိုရင် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းတွေ၊ ပြည်တွင်း/ပြည်ပ ပညာရှင် များ၏ အကူအညီတွေရယူပြီး နှစ်ရှည်စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်တယ်ဆိုပြီးတော့ မှတ်ပုံတင်တဲ့အပိုင်း ဒီ(၂)ပိုင်းကို တင်ပြထားတာ တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေ့က ကိုယ်စားလှယ်ကြီးများကလည်း မြေယာနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ တိကျမှန်ကန်မှု၊ ခိုင်မာမှု မရှိတဲ့အတွက် အမျိုးမျိုးအဖုံဖုံသော မြေယာပြဿနာများ ဖြစ်နေရပုံတွေနဲ့ အဆိုရှင်မှလည်း မြေယာပြဿနာဟာ နိုင်ငံရဲ့ ကြီးမားတဲ့

ပြဿနာဖြစ်နေပြီး မြေကြီး၊ မြေပုံတွေ စနစ်တကျ စုစုစည်းစည်း မပြုနိုင်သေးတဲ့အတွက်ကြောင့် မြေယာ အငြင်းပွားမှုပြဿနာများမှာ အကြမ်းဖျင်းအားဖြင့် (၅)မျိုးရှိနေကြောင်းကိုလည်း တင်ပြထားပါတယ်။ သို့ဖြစ်သည့်အတွက် တစ်မျိုးတည်းသောမြေပုံစနစ် မြေယာမှတ်ပုံတင်ခြင်းနဲ့ မြေယာမှတ်ပုံတင်ရေးကိစ္စမှာ အဓိကအကျဆုံးဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဦးစီးဌာနတစ်ခုဖြစ်တဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ အရေးပါတဲ့အခန်းကဏ္ဍကို အလေးပေး ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအရ နိုင်ငံတော်တစ်ဝန်းလုံးမှာရှိတဲ့ မြေယာအားလုံးရဲ့ ပိုင်ရှင်ဟာ နိုင်ငံတော်ဖြစ်တယ်လို့ ပြဋ္ဌာန်းထားတာဖြစ်လို့ နိုင်ငံတော်ကို ကိုယ်စားပြုထားတဲ့ အစိုးရတစ်ရပ်အနေနဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်တဲ့အခါမှာ နိုင်ငံအတွင်းရှိ အားလုံးသောမြေများကို စနစ်တကျနဲ့ စီမံခန့်ခွဲပြီး အသုံးချနိုင်ရေးဟာ အရေးကြီးတဲ့ကိစ္စပဲဖြစ်ပါတယ်။ မြေယာများကို စနစ်တကျနဲ့ သေသေချာချာ စီမံခန့်ခွဲပြီး ထိထိရောက်ရောက် အသုံးချနိုင်လေလေ နိုင်ငံနဲ့ လူမျိုးအတွက် အကျိုးရှိလေလေပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ မြန်မာနိုင်ငံမှာ အင်္ဂလိပ်များလက်ထက်က သတ်မှတ်အသုံးပြုလာခဲ့တဲ့ မြေမျိုး(၂၂)မျိုးဆိုတာ ရှိပါတယ်။ နိုင်ငံတော်အစိုးရကို ကိုယ်စားပြုထားတဲ့ ဝန်ကြီးဌာနအသီးသီးတို့ဟာ သူတို့ဌာနနဲ့ သက်ဆိုင်တဲ့ မြေမျိုးကြီးများအလိုက် စီမံခန့်ခွဲနေကြရတာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဆိုရင် လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ ဥယျာဉ်ခြံမြေ၊ ဓနိမြေ၊ တောင်ယာမြေ၊ တောရိုင်းမြေများ၊ ဆည်မြောင်း/တာတမံမြေများကို စီမံခန့်ခွဲနေကြရပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနဆိုရင်လည်း မြို့မြေ၊ ရွာမြေ၊ သုသာန်မြေ၊ သချိုင်းမြေနှင့် စားကျက်မြေများကို စီမံခန့်ခွဲနေရပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကတော့ လမ်းမြေ၊ မီးရထားမြေ၊ မြစ်များ၊ ချောင်းများ၊ ရေအောက်မြေများနှင့် လေယာဉ်ပျံကွင်းမြေများကို စီမံခန့်ခွဲရပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကတော့ သတ္တုတူးဖော်မြေများ၊ သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို စီမံနေကြရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနတွေက သူတို့ဌာနနဲ့သက်ဆိုင်တဲ့ မြေမျိုးများကိုသာ စီမံခန့်ခွဲနေရတာဖြစ်တဲ့အတွက် ဌာနနဲ့သက်ဆိုင်တဲ့ မြေယာဆိုင်ရာအချက်အလက်နှင့် မြေကြီး၊ မြေပုံတွေကတော့ ဝန်ကြီးဌာနတစ်ခုချင်းစီတိုင်းမှာ ရှိနေပြီးတော့ အဲဒီရှိနေတဲ့ အချက်အလက်တွေကိုပဲ အခိုင်အမာပြုပြီး စီမံခန့်ခွဲနေကြရတာ ဖြစ်ပါတယ်။ ဒီလို ဝန်ကြီးဌာနတစ်ခုချင်းစီအလိုက် စီမံခန့်ခွဲနေရတာဖြစ်တဲ့အတွက် ဝန်ကြီးဌာနချင်းချိတ်ဆက်နိုင်မှု၊ ပေါင်းစပ်ညှိနှိုင်းမှု အားနည်းခြင်းများကို ဖြစ်ပေါ်စေပြီး မြေယာဆိုင်ရာ အချက်အလက်များမှာလည်း တိကျမှန်ကန်မှု၊ ခိုင်မာမှုများ အားနည်းနေတဲ့အတွက် သစ်တောကြိုးပြင်ကာကွယ်တောအတွင်းမှာ ရွာတွေ၊ လယ်တွေ၊ ဥယျာဉ်ခြံမြေတွေ၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းတွေ ရှိနေပြီးတော့ သစ်တောကျူးမြေဖြစ်နေတာတွေ ဆီအုန်း စိုက်ပျိုးမြေဇကများနှင့် စက်မှုဇုန်မြေဇက အစိတ်အပိုင်းထပ်နေတာတွေ၊ မြေစာရင်းမှာ စားကျက်မြေအဖြစ် မှတ်တမ်းရှိသော်လည်း မြေပြင်မှာ လယ်မြေနှင့်ရွာတွေ ဖြစ်နေတာ စတဲ့လွဲချော်မှု၊ ကွဲလွဲမှုတွေ၊ မှားယွင်းမှုတွေ ဖြစ်နေတာဖြစ်ပါတယ်။

ဒီလို ဖြစ်ရတာတွေဟာ မြေယာဆိုင်ရာအချက်အလက်တွေ မှန်ကန်မှုမရှိလို့ ကွဲလွဲမှုများဖြစ်နေရတာဖြစ်ပြီး မြေယာ ဆိုင်ရာအချက်အလက်တွေ တိတိကျကျ မှန်ကန်မှုရှိဖို့အတွက်ဆိုရင် အဓိကတာဝန်ရှိတဲ့ဌာနက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနပဲ ဖြစ်ပါတယ်။ ဒီဌာနက မှတ်တမ်းဌာနဖြစ်ပါတယ်။ မြေပြင်ပေါ်မှာရှိတဲ့ မြေယာဆိုင်ရာ အချက်အလက်မှန်သမျှကို စနစ်တကျ မှတ်တမ်းပြုစုပြီး မြေကြီး၊ မြေပုံများနှင့်တကွ မှတ်တမ်းတင်ထားရတာ ဖြစ်ပါတယ်။ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီလည်း ဆောင်ရွက်ကြရပါတယ်။ အဂတိတရားကင်းစွာနှင့် ပြည်သူကို မှန်မှန်ကန်ကန် ဝန်ဆောင်မှုပေးဖို့လည်း အထူးလိုအပ်ပြီးတော့ ဒီဌာနဟာ တကယ့်ကိုပဲ အရေးကြီးတဲ့ဌာနကြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအကြောင်းအရာများကြောင့် မြန်မာနိုင်ငံမှာ တစ်မျိုးတည်းသော မြေပုံစနစ်နှင့် မြေယာမှတ်ပုံတင်ရေးကို မဖြစ်မနေဖော်ဆောင်ဖို့ လိုအပ်နေပေမယ့် ယနေ့အထိ ဆောင်ရွက်နိုင်ခြင်း မရှိသေးတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်မျိုးတည်းသော မြေပုံစနစ်နှင့် မြေယာမှတ်ပုံတင်ရေးကို ဆောင်ရွက်မယ်ဆိုရင် ပြန့်ကျဲနေတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးရှိ မြေယာမှတ်တမ်းများအားလုံးကို စုစည်းရမှာဖြစ်ပါတယ်။ ဌာနချင်းညှိနှိုင်းပေါင်းစပ်မှုတွေ လုပ်ပြရမှာဖြစ်ပါတယ်။ ဌာနပေါင်းစုံမှာရှိတဲ့ အားလုံးသော မြေယာဆိုင်ရာမှတ်တမ်းများ အားလုံးကို စုစုစည်းစည်း ပြုလုပ်ပြီး ပြန်လည်စိစစ်ခြင်းတွေ လုပ်ရပါမယ်။ ရှိထားတဲ့ မြေယာဆိုင်ရာအချက်အလက်တွေဟာ ဘယ်ရွေ့ဘယ်မျှ မှန်တယ်၊ မမှန်ဘူးဆိုတာတွေကိုလည်း ပြန်လည်စိစစ်ဖို့ လိုပါမယ်။ မြေဧက အကျယ်အဝန်းတွေ၊ မြေနယ်နိမိတ်တွေကအစ တိတိကျကျ ပြန်လည်စစ်ဆေးဖို့ လိုပါတယ်။ ဥပဒေအရ ပေးထားတဲ့ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ မြေနေရာများကိုလည်း ဖော်ထုတ်ပေးရပါမယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဧကဘယ်လောက်ရှိတယ်၊ သစ်တောကြိုးဝိုင်းမြေတွေက ဘယ်ထိရှိနေတယ် ဆိုတာတွေကလည်းပဲ တိတိကျကျ ပေါ်လာမှာဖြစ်ပါတယ်။

ဒီလို တစ်ခုတည်းသော မြေပုံစနစ်တစ်ခုဆိုရင် အချိန်၊ ငွေကြေး၊ နည်းပညာ၊ ပစ္စည်းကိရိယာတွေကအစ လိုပါတယ်။ မြန်မာနိုင်ငံမှာ မြေကြီး၊ မြေပုံမှန်ကန်ရေး၊ တစ်မျိုးတည်းသော မြေပုံစနစ်နှင့် မြေယာမှတ်ပုံတင်နိုင်ရေးအတွက် ကမ္ဘာ့ဘဏ်ရဲ့ အဖွဲ့တစ်ခုမှလည်း ၂၀၁၇ ခုနှစ်က ကျွန်တော်တို့နဲ့ (၂)ကြိမ်တွေ့ဆုံပြီး အကူအညီပေးလိုကြောင်း ပြောပါတယ်။ အဲဒီအခါ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း လည်း ပါ ပါတယ်။ ဒီအကြောင်းတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ချပြတော့ ဒီလို အခြားနိုင်ငံကအဖွဲ့ရဲ့ အကူအညီနဲ့ ဆောင်ရွက်လို့ မဖြစ်ဘူး။ အဓိက ကတော့ နိုင်ငံလုံခြုံရေးအတွက်ပဲ ဖြစ်တယ်လို့ အကြောင်းပြန်တဲ့အတွက် ရှေ့မတိုးနိုင်ခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ဆွစ်ဇာလန်နိုင်ငံကလည်းပဲ ကျွန်တော်တို့ One Map Myanmar အဖွဲ့ ဖွဲ့ပြီး Land Core Group (မြေယာမဏ္ဍိုင်အဖွဲ့)နဲ့ ပူးပေါင်းပြီးတော့ ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၈)နှစ်စီမံချက်ဖြင့် ဖော်ဆောင်နေပြီး တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့မှာ ဖော်ဆောင်နေတာဖြစ်ပါတယ်။ ကမ္ဘာကြီးမှာလည်းပဲ One Map မြေပုံတွေ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံမှာ ဖော်ဆောင်ပြီးဖြစ်တဲ့အတွက် လုံခြုံရေးအရ ဒါ မဖော်နိုင်ဘူးဆိုတာ

မှန်ကန်တဲ့ အကြောင်းပြချက် မဟုတ်ဘူးလို့ ကျွန်တော် တင်ပြလိုပါတယ်။ ဒါကြောင့်မို့ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ရဲ့ အဆိုကို တစ်ခုတည်းသော မြေကြီး၊ မြေပုံစနစ်နဲ့ မြေယာမှတ်ပုံတင်ရေးလုပ်ငန်းများကို အချိန်နှင့် လျင်မြန်စွာ ဆောင်ရွက်သင့်ပါကြောင်း ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးရင်း ဥက္ကဋ္ဌကြီးကနေတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မနက်ဖြန် ကျင်းပမယ့် အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၂း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီက ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်း အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၈။**

**ဒေါက်တာဝင်းမြင့်ချစ် (အဖွဲ့ဝင်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် တစ်ရပ်လုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်ချစ် ဖြစ်ပါတယ်။ ယနေ့ ကော်မတီရဲ့တာဝန်ပေးချက်အရ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်း အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာ

**နိဒါန်း**

၁။ လွှတ်တော်၏ အဓိကတာဝန်တစ်ရပ်မှာ နိုင်ငံသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန်အတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်ဖြစ်သကဲ့သို့ ပြဋ္ဌာန်းပြီးတဲ့ ဥပဒေများဟာ ရည်ရွယ်ချက်သို့ ပြည့်မီရောက်ရှိခြင်း ရှိ/မရှိ ဆိုတာကို အကဲဖြတ်ရန် စိစစ်ရန်မှာလည်း လွှတ်တော်ရဲ့ တာဝန်တစ်ရပ် ဖြစ်ပါတယ်။

၂။ ဥပဒေပြုပြီးနောက် စိစစ်ခြင်းဆိုတာ ပြဋ္ဌာန်းပြီးဥပဒေပါ ပြဋ္ဌာန်းချက်များဟာ လက်တွေ့ ကျင့်သုံးမှု ရှိ/မရှိ ကိုလည်းကောင်း၊ ကျင့်သုံးသူများ၏ ဥပဒေအား မည်သို့အသုံးပြုနေသည်ကို လည်းကောင်း၊ ဥပဒေရဲ့ သက်ရောက်မှုကိုလည်းကောင်း လေ့လာခြင်းဖြစ်ပါတယ်။ ပြဋ္ဌာန်းဥပဒေသည် ပြည်သူ့အတွက် အကျိုး ရှိ/မရှိ၊ အမှန်တကယ် တန်ဖိုး ရှိ/မရှိနှင့် ညီတူညီမျှ ခံစားခွင့် ရှိ/မရှိကို လေ့လာဆန်းစစ်ခြင်းလည်း ဖြစ်ပါတယ်။

၃။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဟာ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်း ကနဦးအစီအစဉ် (PLS - Pilot Project)ကို ပထမဆုံး ဆောင်ရွက်ခဲ့တာလည်း ဖြစ်ပါတယ်။

## ရည်ရွယ်ချက်

၄။ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ ဥပဒေပြုပြီးနောက် စိစစ်ခြင်း ကနဦးအစီအစဉ် ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်တွေကတော့ -

(က) ဥပဒေ၊ နည်းဥပဒေ၊ လက်ရှိမူဝါဒများ၊ အမိန့်၊ ညွှန်ကြားချက်များကို အထိရောက်ဆုံး နည်းလမ်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

( ခ ) ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း (CRC)ပါ ပြဋ္ဌာန်းချက်များနှင့် ပိုမိုညီညွတ်စေရန်၊

( ဂ ) ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းထားတဲ့ ကလေးသူငယ် ဥပဒေ၏ အကျိုးသက်ရောက်မှုကို လက်တွေ့ကျင့်သုံးခြင်း ရှိ/မရှိ စိစစ်ရန်၊

(ဃ) ၂၀၀၁ ခုနှစ်တွင် ထုတ်ဝေထားတဲ့ နည်းဥပဒေအား ကျင့်သုံးခြင်း ရှိ/မရှိ စိစစ်ရန် ဖြစ်ပါတယ်။

## ဆောင်ရွက်ချက်

၅။ ကော်မတီဟာ ဥပဒေပြုပြီးနောက် စိစစ်ခြင်း ကနဦးအစီအစဉ်ကို Westminster Foundation for Democracy (WFD) က ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူနှင့် ကော်မတီရုံးဝန်ထမ်းများ ပူးပေါင်း ပါဝင်တာဝန်ယူ လုပ်ဆောင်ခဲ့ပါတယ်။ ကလေးသူငယ်အခွင့်အရေးဥပဒေ စာတမ်းတိုကို ၂၀၁၈ ခုနှစ် မတ်လတွင် ရေးသားတင်သွင်းခဲ့ပြီး၊ မေလနှင့် ဇူလိုင်လများမှာ ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါတယ်။ ဥပဒေပြုပြီးနောက် စိစစ်ခြင်း ကနဦးအစီအစဉ်ကို ကွင်းဆင်းဆောင်ရွက်ခြင်း လုပ်ငန်းအား နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး(အင်းစိန်မြို့နယ်)နှင့် ပဲခူးတိုင်းဒေသကြီး(တောင်ငူမြို့) များမှာ လုပ်ဆောင်ခဲ့ပါတယ်။

၆။ ကွင်းဆင်းဆောင်ရွက်ရာမှာ အဓိက သတင်းပေးပြောဆိုနိုင်တဲ့ ပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်းသည့်နည်း(Key Informant Interview) နှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း (Focus Group Discussion) နည်းများကို အသုံးပြုခဲ့ပြီးတော့ ကလေးသူငယ်ဥပဒေ အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ တာဝန်ရှိတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်ကလေးသူငယ် အခွင့်အရေးကော်မတီဝင်များ၊ ကလေးများ၏အရေးကို လုပ်ဆောင်နေတဲ့ နိုင်ငံတကာအဖွဲ့အစည်းနှင့်

ပြည်တွင်း အရပ်ဖက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မိခင်များ၊ ဖခင်များ၊ ကလေးများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ စုစုပေါင်း တွေ့ဆုံမေးမြန်းခြင်း (၂၈)ကြိမ်၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း (၆)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

**တွေ့ရှိချက်များ**

၇။ တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ဥပဒေအား သဘောပေါက်နားလည်မှု**

(၁) မြို့နယ်ကလေးသူငယ် ကော်မတီဝင်များဟာ ကလေးသူငယ်ဥပဒေအား ကလေးများအတွက် အကာအကွယ်ပေးသော ဥပဒေလို့ ယေဘုယျညွှန်း ဆိုသော်လည်း တိကျစွာပြောနိုင်သူ လွန်စွာနည်းခြင်း၊ ကလေးများဟာ အကြောက်တရားရှိမှသာ တိုးတက်မယ်လို့ မှတ်ယူနေတဲ့ ကော်မတီဝင်အချို့ ရှိခြင်း တွေ့ရပါတယ်။ မိခင်၊ ဖခင်နှင့် ကလေးများ အစုအဖွဲ့အနေဖြင့် ဥပဒေအား မသိခြင်း၊ မကြားဖူးခြင်းက အများစုဖြစ်ပါတယ်။

(၂) ကုလသမဂ္ဂ ကလေးအခွင့်အရေးစာချုပ်(CRC)ကို သိရှိနားလည်မှုနည်းခြင်း၊ ယင်းစာချုပ်နှင့် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေ ပြဋ္ဌာန်းခြင်းဟာ ချိတ်ဆက်မှုရှိသည့်အပေါ် သိရှိမှုအားနည်းခြင်းတို့ကို တွေ့ရှိရပါတယ်။

(ခ) **ဥပဒေပါအချက်အလက်များအပေါ် အမြင်။** ကလေးသူငယ်များ၏ အခွင့်အရေးပိုင်း ဆိုင်ရာများဖြစ်တဲ့ ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ ပညာသင်ယူခွင့်၊ အန္တရာယ်ရှိအလုပ်အား တားမြစ်ခြင်း၊ တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပြစ်မှုပြစ်ဒဏ်နှင့် မှုခင်းများစီရင်ခြင်း စသည်တို့အပေါ် နှစ်သက်သော်လည်းပဲ ကျူးလွန်သော ကလေးအား ကာကွယ်ရန်ဖြစ်၍ နစ်နာသူ ကလေးအတွက် ပါဝင်မှုအားနည်းခြင်းကြောင့် ပြည့်စုံမှုမရှိ ပြင်ဆင်ရေးဆွဲရန် လိုကြောင်း ဖော်ပြထားပါတယ်။

(ဂ) **ဥပဒေအကောင်အထည်ဖော်မှု။** ဥပဒေကို မိဘများသိရှိမှုအားနည်းခြင်း၊ ဥပဒေအား အကောင်အထည်ဖော်မည့် တာဝန်ရှိသူများလည်း ကျယ်ပြန့်စွာသိရှိမှု မရှိခြင်း၊ စောင့်ကြည့်ကြီးကြပ်မှု အားနည်းခြင်း၊ အရင်းအမြစ်အားနည်းခြင်း၊ မြို့နယ် ကလေးသူငယ်အခွင့်အရေးကော်မတီများ၏ လုပ်ဆောင်ချက်၊ ဌာနအချင်းချင်း ချိတ်ဆက်မှုအားနည်းခြင်း၊ နစ်နာသူကလေးအတွက်ပံ့ပိုးသည့် ပြဋ္ဌာန်းချက်မရှိခြင်း၊ ဥပဒေဆိုင်ရာ ကျယ်ပြန့်စွာ အသိပညာပေးမှု အားနည်းခြင်းများကြောင့် ဥပဒေ အကောင်အထည်ဖော်နိုင်မှု အားနည်းနေကြောင်း တွေ့ရပါတယ်။

**သုံးသပ်အကြံပြုခြင်း**

၈။ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေအပေါ် ကော်မတီရဲ့ သုံးသပ်အကြံပြုချက်များမှာ -

(၁) ကလေးသူငယ်ရဲ့ အသက်နှင့် အမျိုးသား၊ အမျိုးသမီးတို့ရဲ့ လက်ထပ်ထိမ်းမြား နိုင်တဲ့အသက်အရွယ် သတ်မှတ်ချက်အား (၁၈)နှစ်သို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ရန်၊

(၂) ခွဲခြားမှုမရှိခြင်း၊ ကလေးသူငယ်ကို အကြမ်းဖက်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း ဆိုသည်ကို ပိုမိုပြည့်စုံစွာ အဓိပ္ပာယ်ဖွင့်ဆိုရန်၊

(၃) မွေးဖွားခြင်းအတွက် မှတ်ပုံတင်ခြင်းကို ပိုမိုကျယ်ပြန့်စွာ ဖော်ပြရန်၊

(၄) အလုပ်လုပ်သော ကလေးအသက်အရွယ်နှင့် ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ ကွန်ဗင်းရှင်း ၁၉၇၃ ခုနှစ် အပိုဒ် (၁၃၈) နှင့် ၁၉၉၃ ခုနှစ် အပိုဒ် (၁၈၂)ပါ အချက်များနှင့်အညီ ပြင်ဆင်ရန်၊

(၅) ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများနှင့် စပ်လျဉ်းတဲ့ အရေးယူ လုပ်ဆောင်ချက်များ၊ လုပ်ငန်းယန္တရားများ၊ လိုအပ်တဲ့ အရင်းအမြစ်များ စီစဉ်ထားရှိမှု၊ ဝန်ဆောင်မှုများနှင့် အချက်အလက်များ စုဆောင်းထားရှိမှုတို့ကို သေချာစေရန်၊

(၆) မွေးစားခြင်းအတွက် ပိုမိုပြည့်စုံတဲ့အချက်များ ထည့်သွင်းရန်၊

(၇) ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခကို ဥပဒေမှာ ထည့်သွင်းရန်၊

(၈) ပြစ်မှုကျူးလွန်ခံရတဲ့ ကလေးသူငယ်နှင့် ကလေးသူငယ်သက်သေကို ဥပဒေတွင် ထည့်သွင်းရန်။

(၉) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်၏ အသက်ကို အပြည်ပြည်ဆိုင်ရာ စံနှုန်းအတိုင်း အသက် (၇)နှစ်မှ အသက် (၁၂)နှစ်သို့ တိုးမြှင့်သတ်မှတ်ရန်၊

(၁၀) ပြစ်မှုကျူးလွန်သော ကလေးသူငယ်များ အခန်းနှင့် ပြစ်မှုနှင့်ပြစ်ဒဏ် အခန်းတို့အား လက်ရှိဥပဒေများကို သုံးသပ်ကာ ပိုမိုပြီး ရှေ့နောက် ညီညွတ်မျှတစွာ ပြင်ဆင်ရေးဆွဲရန်တို့ဖြစ်ပါတယ်။

**နိဂုံး**

၉။ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေသည် ပြန်လည်ပြင်ဆင်ရေးဆွဲရန် လိုအပ်သော ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ပြင်ဆင်ရေးဆွဲသော ဥပဒေဟာ ကလေးသူငယ်အခွင့်အရေးကော်မတီ၏ သုံးသပ်ချက်များနှင့် ဌာနဆိုင်ရာအပါအဝင် ဆက်စပ်ပတ်သက်နေသော အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ထည့်သွင်းကာ ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် (the best interest of the child)ကို ရည်မှန်းလျက် ရေးဆွဲရန်လိုအပ်ပါတယ်။ လူမျိုးစုနှင့် ဓလေ့ထုံးစံ ကျင့်သုံးမှုများအလိုက် ကွဲပြားခြင်းရှိနေသည့်အတွက် ကလေးသူငယ်၏ ဘက်စုံဖွံ့ဖြိုးမှုအား ထိခိုက်စေတဲ့ ကျင့်သုံးမှုများကို ပယ်ဖျက်ရန်လည်း လိုအပ်ပါတယ်။ ဥပဒေကျင့်သုံးမှုများ ပိုမိုအားကောင်းစေရန် ကော်မတီအဆင့်ဆင့်၏ ဖွဲ့စည်းပုံ၊ ဘဏ္ဍာငွေအစီအမံများ ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ပြင်ဆင်ပြဋ္ဌာန်းသည့် ဥပဒေအား သုံးသပ်ခြင်းတို့ ပါဝင်စေရန်လည်း အရေးကြီးကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် WFD တို့ PLS အစည်းအဝေးစတင်ပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ ပြပုံ(ဆဆ)



အင်ဒိုနီးရှားနိုင်ငံသို့ PLS လုပ်ငန်း သွားရောက်လေ့လာသည့် မှတ်တမ်း ဓာတ်ပုံ ပြပုံ (ဆဆ-၁)



ပြည်ထောင်စုဝန်ကြီးဌာနများသို့ PLS Data များကောက်ယူခဲ့သည့် မှတ်တမ်းဓာတ်ပုံ ပြပုံ (ဆဆ-၂)



**အချိန်၊ ၁၂:၂၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်း အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၂)ရက်မြောက်နေ့အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂:၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၁၂:၂၈ နာရီအချိန်တွင် ရပ်နားပါသည်။]